www.burmeseclassic.com

Eainmakathit presents

# Dattha Kyaw Swar



BURMESE CLASSIC

# ဒဿကျော်စွာ

## ကမ္ဘာ့ထိတ်လန့်သည်းဖိုဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | - ဦးဝင်းသုရှင် (အိမ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - ဦးဇော်မြင့်ဝင်း (ကာလာမုန့်ပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | - YeWintKyaw@Yelay |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ) |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၁၆၀၀ ကျပ် |


BURMESE CLASSIC

## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

- ✸ ကျောင်းပေါင်း — သည်ခေတ်နေ
- ✸ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ — သည်ခေတ်နေ
- ✸ ဓမ္မတာရှိလွင့်ပြင်မှာပုံပြင်စီးချင်းထိုးတဲ့လူ — ညေး
- ✸ လမင်းလန့်တုန်း ကြယ်တွေခင်းခဲ့တယ် — ညေး
- ✸ ဘာလဲဆိုတာမေးမြန်းခြင်းသည်းခံပါ — ဝံ

www.burmeseclassic.com

www.burmeseclassic.com

# ပူးပေါင်းလုပ်ဆောင်ခြင်း

Co-ordination

E.M.Forster

www.burmeseclassic.com

www.burmeseclassic.com

'တအားကြီး မတီးခတ်နဲ့၊ တစ်ခါတီးခတ်တိုင်းဟာ ပုလဲကြိုးနဲ့ တူရမယ်၊ အဲဒီလို မဟုတ်ဘူး'

လို့ မစ္စဟက်ဒန်က ပြောပါတယ်။

'အယ်လင်၊ ဟဲ့ကောင်မ၊ နင် ငါ့ Note ယူထားတယ်'

'ငါမယူဘူး၊ နင် ငါ့ Note ယူထားတာ'

'ကဲ... ဒါ ဘယ်သူ့ Note လဲ'

မစ္စဟက်ဒန်က သူတို့ရဲ့ ကျစ်ဆံမြီးတွေထဲ ကြည့်လိုက်ပါတယ်။

'ဒါ မင်လ်ဒရက်ရဲ့ Note'

လို့ သူမက ဆုံးဖြတ်လိုက်ပါတယ်။



'ဘားမျဉ်းနှစ်ခုစီကို ပြန်လုပ်၊ တအားကြီး မတီးခတ်နဲ့'

မိန်းကလေးတွေ ပြန်တီးခတ်ရပါတယ်။ မင်လ်ဒရက် ညာဘက်လက်ရဲ့ လက်သန်းလေးက အယ်လင့် ဘယ်ဘက်လက်ရဲ့ လက်သန်းလေးနဲ့ အငြင်းပွားစရာ ကွဲလွဲနေပြန်ပါတယ်။

'တီးခတ်လို့ မရဘူး၊ Note ရဲ့အမှားကို ရေးထားတဲ့လူပဲ'

လို့ သူတို့က ပြောကြပါတယ်။

'အယ်လင်၊ မင်း အကြာကြီးကိုင်မထားရင် လွယ်လွယ်လေး တီးခတ်လို့ရတယ်'

မစ္စဟက်ဒန်က ပြောလိုက်ပါတယ်။

လေးနာရီထိုးပါပြီ။ မင်လ်ဒရက်နဲ့ အယ်လင် ပြန်သွားကြပြီး ရိုစ်နဲ့ အီနစ်ဒ်တို့က သူတို့နေရာကို ရောက်လာကြပါတယ်။ သူတို့က နှစ်ယောက်တွဲတီးခတ်ကြပါတယ်။ မင်လ်ဒရက်ထက် ပိုဆိုးပြီး အယ်လင်လောက်တော့ မဆိုးလှပါ။ လေးနာရီ ၁၅ မိနစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မာဂရက်နဲ့ ဂျိမ်းတို့ ရောက်လာပါတယ်။ သူတို့ တီးခတ်တာဟာ ရှိ့စ်နဲ့ အိနစ်ဒ်တို့ထက် ဆိုးပါတယ်။ ဒါပေမဲ့ အယ်လင်လောက်တော့ မဆိုးလှပါ။

လေးနာရီခွဲမှာ ဒိုလောစ်နဲ့ ဗွိုင်အိုလက်တို့ ရောက်လာကြပါတယ်။ သူတို့တီးခတ်တာဟာ အယ်လင်ထက် ပိုဆိုးပါတယ်။ ၄ နာရီ ၄၅ မိနစ်ရောက်တော့ ကျောင်းအုပ်ကြီးနဲ့ လက်ဖက်ရည်သောက်ဖို့ မစ္စဟက်ဒန် ထွက်သွားပါတယ်။ အလားတူ နှစ်ယောက်တွဲအတီးကိုပဲ တပည့်တွေကို သူက ဘာကြောင့်သင်ကြားလိုတဲ့ ဆန္ဒရှိရကြောင်း ကျောင်းအုပ်ကြီးက ရှင်းပြခဲ့ပါတယ်။ ဒါဟာ ဟန်ချက်ညီ ညှိနှိုင်းတီးခတ်မှုစနစ်အသစ်ရဲ့ ကဏ္ဍဖြစ်ပါတယ်။

ဒီတစ်နှစ်အတွက် ဘာသာရပ်တစ်ခုပဲ ကျောင်းက သင်ကြားနေပါတယ်။ နပိုလီယံဘာသာရပ်တစ်ခုတည်း ဖြစ်ပါတယ်။ လေ့လာသင်ကြားမှုအားလုံး အဲဒီဘာသာရပ်တစ်ခုတည်းပေါ်မှာ ခံယူထားရှိဖို့ ဖြစ်ပါတယ်။ ပြင်သစ်နဲ့ သမိုင်းကို ထုတ်ဖော်ဖို့ မဟုတ်ပါ။



ဒါကြောင့် ထပ်မံသင်ကြားနေတဲ့အတန်းဟာ ဝါ့စ်ဝတ်ဒ်ရဲ့ နိုင်ငံရေးကဗျာတွေကို သင်ကြားနေပါတယ်။ စာပေအတန်းက 'စစ်နဲ့ ငြိမ်းချမ်းရေး'က ထုတ်နုတ်ချက်တွေကို ဖတ်နေပါတယ်။ ပုံဆွဲအတန်းက ဒေးဗစ်ရဲ့ ပုံတွေကို ကူးယူနေကြပါတယ်။ အပ်ချုပ်အလုပ်အတန်းက အင်ပါယာဝတ်ရုံကို ပုံစံထုတ်ပါတယ်။ ဂီတကျောင်းသားတွေက ဘီသိုဘင်ရဲ့ 'အီရိုအိကာ' ဆင်ဖိုနီကို လေ့ကျင့်နေကြပါတယ်။ အင်ပါယာမင်းမြတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ သင်ကြားလာခဲ့တာ ဖြစ်ပါတယ်။

တခြားဆရာမတချို့ လက်ဖက်ရည်သောက်လာကြပါတယ်။ ဟန်ချက်ညီညီ ညှိနှိုင်းတီးခတ်မှုကို သူတို့ ကြိုက်ကြပါကြောင်း၊ နှစ်သက်စွဲမက်စရာကောင်းတဲ့ စနစ်ဖြစ်ပါကြောင်း သူတို့က ပြောကြပါတယ်။ ဒါဟာ ဆရာတွေကို စိတ်ဝင်စားစေသလို မိန်းကလေးငယ်တွေကိုလည်း စိတ်ဝင်စားစေပါတယ်။ ဒါပေမဲ့ မစ္စဟက်ဒန်ကတော့ ဝင်မပြောပါ။ သူမရဲ့ သင်ကြားတဲ့နေမှာ ဟန်ချက်ညီညီ ညှိနှိုင်းတီးခတ်မှု မရှိခဲ့ပါ။ သူမ

www.burmeseclassic.com

www.burmeseclassic.com



က နားမလည်နိုင်ဘဲ ဖြစ်နေပါတယ်။

သူဟာ အသက်ကြီးလာနေပြီး ဂီတသင်ကြားမှုဟာ တစ်နေ့ထက် တစ်နေ့ ဆိုးလာနေတယ်ဆိုတာပဲ သူမက သိနေပါတယ်။ ကျောင်းအုပ်ကြီးက မကြာခင်မှာ ဘယ်လိုတွေ့ရှိသွားပြီး သူမကို ထုတ်ပစ်တော့မှာကိုပဲ သူမကတော့ သိချင်နေပါတော့တယ်။

* * *

အဲဒီအချိန်မှာပဲ မိုးကောင်းကင်အမြင့်ထက်မှာ ဘီသိုဘင် ထိုင်နေပါတယ်။ သူ့ကို လူတွေဝိုင်းနေကြပါတယ်။ တိမ်တွေပေါ်မှာ အတန်းလိုက်နေရာယူပြီး သူ့ရဲ့ စာရေးတွေ ထိုင်နေကြပါတယ်။ စာရေးတစ်ယောက်စီဟာ စာရင်းစာအုပ်ထဲမှာ ရေးသွင်းနေကြပါတယ်။ အီရိုအိကာ ဆင်ဖိုနီလို့ ခေါင်းစဉ်တပ်ထားသူ့ရဲ့ စာအုပ်ပိုင်ရှင်က လက်လေးချောင်း စီစဉ်ထားပါတယ်။ ကားလ်မူလာက အောက်ပါရေးသွင်းမှုတွေကို ပြုလုပ်နေပါတယ်။

'၃ နာရီ ၄၅ မင်ဒရက်နဲ့ အယ်လင်၊ သင်ကြား



သူ မစ္စဟက်ဒန်၊ ၄ နာရီ ရို့စ်နဲ့ အီးနစ်ဒ်၊ သင်ကြားသူ မစ္စဟက်ဒန်၊ ၄ နာရီ ၁၅ မာဂရက်နဲ့ ဂျိမ်း၊ သင်ကြားသူ မစ္စဟက်ဒန်၊ ၄ နာရီ ၃၀ …'

ဘီသိုဘင်က ဖြတ်ပြီး…

'အဲဒီ မစ္စဟက်ဒန်ဆိုတာ ဘယ်သူလဲ'

လို့ မေးလိုက်ပါတယ်။ သူ့နာမည်က ဒရမ်ရိုက်ချက်လိုပဲ ထပ်ခါထပ်ခါ ပေါ်ပေါ်လာတယ်။

'သူမက သရုပ်ဆောင်ပြနေတာ ကြာပါပြီ'

'သူမရဲ့ သံစုံတီးဝိုင်းလား'

'သူတို့ဟာ အထက်လူလတ်တန်းစားက အပျိုပေါက်ကလေးတွေပါ၊ အီရိုအိကာကို သူမ သင်ကြားမှုမှာ နေ့တိုင်းနဲ့ တစ်နေ့လုံး တီးမှုတ်နေကြသူတွေ ဖြစ်ပါတယ်၊ အီရိုအိကာတေးသံဟာ တိတ်မနေပါဘူး၊ အဆက်မပြတ်တဲ့ မွှေးနံ့သာလိုပဲ ပြတင်းပေါက်က လွင့်မျောထွက်နေပြီး တစ်လမ်းလုံး ကြားနေရပါတယ်'

'ထိုးထွင်းသိမြင်နိုင်တဲ့ ဉာဏ်နဲ့ သူတို့ တီးမှုတ်

www.burmeseclassic.com



ကြသလား'

ဘီသိုဘင် နားလေးနေလို့ စာရေးက ပြန်မပြောနိုင်ပါ။

'အရင်းနှီးဆုံး ထိုးထွင်းသိမြင်တဲ့ ဉာဏ်နဲ့ပါ၊ တခြားလူတွေထက်စာရင် အယ်လင်က သင့်ရဲ့ စိတ်ဝိညာဉ်နဲ့ ပိုဝေးတဲ့အချိန် ရှိခဲ့ပါတယ်၊ ဒါပေမဲ့ ဒိုလောစ်နဲ့ ဗွိုင်အိုလက် ရောက်လာတဲ့အခါ အကြောင်းမဟုတ်တော့ပါ'

'ရဲဘော်ရဲဘက်အသစ်တွေက သူမကို လွှဲဆော် ပေးခဲ့တယ်၊ နားလည်ပြီ'

စာရေးက ဆိတ်ငြိမ်နေပါတယ်။

'ကျုပ်သဘောကျ ထောက်ခံတယ်၊ မစ္စဟက်ဒန်ရော၊ သူ့ရဲ့ သံစုံတီးဝိုင်းရော၊ သူတို့အိမ်ထဲရှိသူတွေ အားလုံးရော၊ ကျုပ်ရဲ့ A မိုင်နာ ၄ ယောက်တွဲတီးခတ်မှု ကောင်းမွန်တာ ဒီညနေခင်းမှာ ကြားခဲ့ရတယ်၊ ကျုပ် ထောက်ခံမှုရဲ့ သင်္ကေတအဖြစ် အမိန့်ချလိုက်ပါတယ်'

* * *



ဘီသိုဘင်ရဲ့အမိန့် ဝင်လာနေတုန်း ဘယ်လို ပြီးစီးအောင် ဆောင်ရွက်မလဲဆိုတာ မသိဘဲဖြစ်နေကြတုန်း နောက်ထပ် ထည်ဝါခန့်ညားမှုတစ်ခု မိုးကောင်းကင်မှာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီမှာ နပိုလီယံဟာ များပြားလှတဲ့ သူ့ရဲ့စာရေးတွေ ဝိုင်းရံပြီး ထိုင်နေပါတယ်။ စာရေးတွေဟာ ကမ္ဘာမြေပေါ်က ပေးပို့တဲ့ ရည်ညွှန်းချက်အားလုံး စာရင်းသွင်းနေကြပါတယ်။ သူက သူတို့ကို စီစဉ်ခိုင်းထားတဲ့အလုပ် ဖြစ်ပါတယ်။ ခဏခဏ သူက မေးပါတယ်။

'တို့ရဲ့ နောက်ဆုံးပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုအဆင့်က ဘာလဲ'

'ဝါ့ခ်ဝတ်ဒ်ကို ဂါရဝပြုခြင်း' ခေါင်းစဉ်နဲ့ စာရင်းစာအုပ်ထဲမှာ စာရေးက ရေးသွင်းထားပါတယ်။

၅ နာရီ၊ မင်လ်ဒရက်၊ အယ်လင်၊ ရို့စ်၊ အီနစ်ဒ်၊ မာဂရက်နဲ့ ဂျိမ်းတို့အားလုံး ဆွန်းနက် ရွတ်ဆိုကြတယ်၊ ဒိုလောစ်နဲ့ ဗွိုင်အိုလက်တို့ ဆွန်းနက်ကို ရွတ်ဆိုဖို့ ကြိုးစားကြပေမယ့် မရကြ။

www.burmeseclassic.com

www.burmeseclassic.com



'ဗင်းနစ်သမ္မတနိုင်ငံကို ငါ့အောင်မြင်မှုအတွက် အဲဒီကဗျာဆရာက ချီးကျူးဂုဏ်ပြုခဲ့တာ'

လို့ အင်ပါယာမင်းမြတ်က ဆိုပါတယ်။

'အဓိကဆိုလိုရင်းရဲ့ ကြီးမြတ်မှုက ဗွိုင်အိုလက်နဲ့ ဒိုလောစ်တို့ကို နိုင်ခဲ့တာပါပဲ၊ သူတို့ မရှုတ်ဆိုနိုင်တာ သဘာဝကျပါတယ်၊ ကဲ… နောက်ဖြစ်ပေါ်မှုကရော'

စာရေးတစ်ယောက်က ပြောပါတယ်။

'၅ နာရီ ၁၅၊ မင်လ်ဒရက်၊ အယ်လင်၊ ရို့စ်၊ အီနစ်ဒ်၊ မာဂရက်နဲ့ ဂျိမ်းတို့က ဘိုနာပတ် ညောင်စောင်းရဲ့ ညာရှေ့ခြေထောက်ကို ပုံကြမ်းရေးနေကြပါတယ်၊ ဒိုလောစ်နဲ့ ဗွိုင်အိုလက်တို့က ဆွန်းနက်ကို ကျက်နေကြတုန်းပါပဲ'

'အဲဒီချစ်စရာနာမည်တွေကို ငါကြားဖူးသလိုပဲ'

နပိုလီယံက ပြောပါတယ်။

'ကျွန်ုပ်ရဲ့ စာရင်းစာအုပ်ထဲမှာ အဲဒီနာမည်တွေ ရှိပါတယ်'



လို့ တတိယစာရေးက ပြောပါတယ်။

'အရှင်မင်းကြီး မှတ်မိနိုင်ပါတယ်၊ ဘီသိုဘင်ရဲ့ 'အီရိုအိကာ'ကို သူတို့တီးခတ်သွားတာ တစ်နာရီလောက် ရှိသွားခဲ့ပါပြီ'

'ငါ့ကို ဂုဏ်ပြုရေးထားတာ ငါသဘောကျထောက်ခံတယ်'

လို့ အင်ပါယာမင်းကြီးက ပြောပါတယ်။

၅ နာရီ ၃၀၊ ဒိုလောစ်နဲ့ ဗွိုင်အိုလက်တို့ကို ခဲတံသွားချွန်ခိုင်းထားတယ်၊ တစ်ဖွဲ့လုံး 'မာဆေးလေ့စ်'ကို ဆိုကြတယ်။

'အဲဒါ လိုအပ်တယ်၊ ဒါပေမဲ့ ဩစတာလစ်ဇ်ကို အောင်မြင်မှုမှာ မနက်ဖြန်မနက်ခင်း သူတို့နဲ့ သူတို့အိမ်တွေအားလုံး ပါဝင်ဆင်နွှဲကြဖို့ ဆုလာဘ်အနေနဲ့ ငါအမိန့်ချမှတ်တယ်'

ချမှတ်လိုက်တဲ့ အမိန့်ကို စာရင်းသွင်းလိုက်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း အိမ်စာဟာ ၇ နာရီ ၃၀ မှာ ဖြစ်ပါတယ်။ မိန်းကလေးတွေ စိတ်ညှိုးငယ်စွာနဲ့ ငြိမ်နေကြပါတယ်။ စနစ်သစ်ကြောင့် သူတို့ ပျင်းရိငြီးငွေ့နေခဲ့ကြလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အံ့အားသင့်စရာတစ်ခု ဖြစ်ခဲ့ပါတယ်။ မြင်းတပ်တစ်တပ် ကျောင်းရှေ့ကို ဖြတ်ကျော်သွားပါတယ်။ စစ်ဘင်ခရာတီးဝိုင်းက ရှေ့က ဦးဆောင်သွားပါတယ်။ မိန်းကလေးတွေ အရမ်းပျော်ရွှင်မြူးထူးသွားကြပါတယ်။

သူတို့ ထိုင်ခုံတွေပေါ်က ထကြတယ်။ သီချင်းဆိုကြတယ်။ စစ်ချီတက်ကြတယ်။ ကကြတယ်။ ခုန်ပေါက်မြူးထူးကြတယ်။ စက္ကူနဲ့ ထရန်းပက်တွေ လုပ်ကြတယ်။ ကျောက်သင်ပုန်းကြီးကို ဗုံလို တီးခေါက်ကြတယ်။ အတန်းထဲမှာ မစ္စဟက်ဒန် မရှိလို့ သူတို့တွေ ပျော်ချင်တိုင်း ပျော်လို့ရနေကြတာ ဖြစ်ပါတယ်။ သမိုင်းဆရာမက သူမကို မာရီလူစီရဲ့ မျိုးရိုးဗီဇသစ်ပင် သွားရှာပြီး ယူခိုင်းထားလို့ အတန်းထဲမှာ မရှိတာ ဖြစ်ပါ



တယ်။

သူရှာနေတဲ့ မျိုးဗီဇသစ်ပင်ဟာ ခရုခွံတစ်ခုအောက်မှာ တခြားစာရွက်တွေနဲ့အတူ ရှိနေပါတယ်။ စာရွက်ကို ရှာဖို့ လက်လှမ်းလိုက်ရင်း...

'ငါဟာ မကောင်းတော့ပါဘူး၊ အသုံးမကျတဲ့ အရွယ်ကြီး ရောက်နေပြီ၊ သေသာ သေလိုက်ချင်တော့တယ်'

လို့ မစ္စဟက်ဒန်က ဆိုပါတယ်။ အဲဒီလိုတွေးနေရင်း ခရုခွံကို ယူပြီး သူမရဲ့နားမှာ ကပ်လိုက်ပါတယ်။ သူမရဲ့အဖေဟာ သင်္ဘောသားတစ်ယောက် ဖြစ်ပါတယ်။ သူမငယ်ငယ်တုန်းက အဲဒီလိုပဲ သူမကို လုပ်လုပ်ပြတတ်ပါတယ်။

သူမ ပင်လယ်ကို ကြားရပါတယ်။ ပထမတော့ ပင်လယ်ရေဟာ လဟာပြင်တွေပေါ် ဖြတ်ကျော်ရိုက်ခတ်နေပါတယ်။ ကျောက်တုံးတွေကို ရိုက်ခတ်နေပါတယ်။ သဲသောင်တွေပေါ် ပင်လယ်လှိုင်းလုံးတွေ ရိုက်ခတ်နေပါတယ်။ ကျောက်ဆောင်တွေကို ရိုက်ပုတ်

www.burmeseclassic.com

www.burmeseclassic.com



သံတွေ ထပ်ခါထပ်ကာ ကြားနေရပါတယ်။ အလယ်ဗဟို သမုဒ္ဒရာက အသံတွေကို ကြားနေရပါတယ်။ လှိုင်းလုံးကြီးတွေ တစ်ခုပြီးတစ်ခု လှိမ့်လှိမ့်တက်လာနေတာ ကြားနေရပါတယ်။ အားလုံးကို သူမ ကြားနေပါတယ်။ နောက်ဆုံးမှာ ပင်လယ်ကိုသာပဲ ကြားနေပါတယ်။ သူမအတွက် ထာဝရဖြစ်တဲ့ ပင်လယ်ပဲလို့ သိလိုက်ပါတယ်။

'မစ္စဟက်ဒန်'

ကျောင်းအုပ်ကြီးက ခေါ်လိုက်ပါတယ်။

'ဘာဖြစ်လို့ ကောင်မလေးတွေကို ကြီးကြပ်ပြီး မထိန်းတာလဲ'

မစ္စဟက်ဒန်ဟာ သူ့ရဲ့နားက ခရုခွံကို ဖယ်လိုက်ပါတယ်။ ပြီးတော့ ကျောင်းအုပ်ကြီးကို ကြီးထွားလာနေတဲ့ သန္တြာန်နဲ့ ရင်ဆိုင်လိုက်ပါတယ်။

'တခြားဘက်ခန်းကတောင် အယ်လင်ရဲ့ အသံကို ကျွန်မကြားရတယ်၊ နှုတ်ပြောသင်ခန်းစာအချိန်လို့ ထင်နေခဲ့မိတာ၊ စာရွက်ဖိတဲ့ဟာကို အခု ချလိုက်ပါ



မစ္စဟက်ဒန်၊ ကိုယ့်တာဝန်ရှိရာကို ပြန်သွားပါ'

ဂီတဆရာမရဲ့ လက်ထဲက ခရုခွံကို ကျောင်းအုပ်ကြီးက ယူလိုက်ပြီး သူ့နဂိုနေရာကို ပြန်ထားလိုက်ပါတယ်။

ဒါပေမဲ့ သူမရဲ့ နားထဲမှာတော့ ကြားနေရပါတယ်။ သူမကလည်း နားထောင်နေပါတယ်။

သစ်တောတစ်ခုထဲက သစ်ပင်တွေ တရှဲရှဲမြည်သံကို သူမ ကြားနေပါတယ်။ သူမ သိခဲ့ရတဲ့ သစ်တောမရှိပါ။ ဒါပေမဲ့ သူမသိခဲ့တဲ့ လူတွေအားလုံးကတော့ တောထဲမှာ မြင်းတွေစီးခဲ့ကြပါတယ်။ တစ်ယောက်ကို တစ်ယောက် တံပိုးခရာတွေနဲ့ တိုးတိုးခေါ်ယူကြပါတယ်။ ညဘက်ဖြစ်ပါတယ်။ သူတို့ အမဲလိုက်ထွက်နေကြတာ ဖြစ်ပါတယ်။ သားကောင်ရဲ့ အသံကြားရင် အော်ပြီး လိုက်ကြပါတယ်။ သူမရဲ့ သူငယ်ချင်းတွေက တိတ်တိတ်ဆိတ်ဆိတ် မြင်းစီးကြပါတယ်။ သူတို့နဲ့အတူ သူမလည်း ပါသွားတတ်ပါတယ်။ တောထဲ အမြဲပဲ အနံ့သွားလာကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နားတစ်ဖက်နဲ့ သူမက ကြားနေရတုန်းမှာ မစ္စဟက်ဒန်ဟာ ကျောင်းအုပ်ကြီးကို အခုလို ပြောနေပါတော့တယ်။

'ကျွန်မ တာဝန်ကျတဲ့အတန်းကို ပြန်မသွားဘူး၊ ကျွန်မ ဒီကိုရောက်ကတည်းက သူတို့ကို ဥပေက္ခာပြုထားတယ်၊ ကျောင်းသားတွေကိုရော မိဘတွေနဲ့ ဆရာမကြီးကိုပါ ကျွန်မလိမ်ညာခဲ့တယ်၊ ကျွန်မ ဂီတသင်တဲ့သူ မဟုတ်ပါဘူး၊ ပိုက်ဆံလိုချင်လို့ လိမ်ညာဟန်ဆောင်နေတာပါ၊ အခု ကျွန်မ ဘာဖြစ်မလဲဆိုတာ မသိပါဘူး၊ ကျွန်မဆက်ပြီးညာမနေချင်တော့ဘူး၊ ကျွန်မ အသိပေးပါတယ်'

ဂီတသင်တဲ့ဆရာမက ဂီတသင်သူ မဟုတ်ပါဘူးလို့ ပြောလိုက်တာကို ကြားရတော့ ကျောင်းအုပ်ကြီးက အံ့အားသင့်သွားပါတယ်။ သူမ စန္ဒရားကောင်းကောင်းတီးလာခဲ့တဲ့နှစ်တွေ မနည်းတော့ပါ။

'အို… မစ္စဟက်ဒန်ရယ်၊ နေပါဦး… မနက်ဖြန် မနက်ကျမှ ပြောကြတာပေါ့၊ အခုတော့ ကျွန်မ



အခန်းထဲမှာ လှဲနေလိုက်ပါဦး'

မစ္စဟက်ဒန်က လှဲချလိုက်ပါတယ်။ ငိုက်မျဉ်းမှိန်းနေလို့ ပင်လယ်ရဲ့ဝိညာဉ်ဟာ သူမဆီကို ပြန်ရောက်လာပါတယ်။ သူမရဲ့ခေါင်းထဲ သစ်တော၊ တတွတ်တွတ်ပြောသံတွေ ပြည့်နေတဲ့ ကျောင်းအုပ်ကြီးက ပြင်ဆင်တဲ့အခန်းထဲ သွားပါတယ်။ နောက်တော့ တံခါးကို မဖွင့်ခင် သူမက ချောင်းသုံးခါဆိုးပါတယ်။

ဒိုလောစ်နဲ့ ဗိုင်အိုလက်တို့က လှဲလို့ မိန်းကလေးတွေအားလုံး သူတို့ခုံနေရာတွေမှာ ရှိကြပါတယ်။

မနက်ခင်းရောက်တော့ မစ္စဟက်ဒန်က ပြောတယ်။

'ကျွန်မ သွားချင်နေပါတယ်၊ ကျောင်းအုပ်ကြီးကို စကားပြောဖို့ စောင့်နေတာပါ၊ ထူးခြားတဲ့ သတင်း ကျွန်မ ရထားပါတယ်၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ကျွန်မအဖေဟာ ရေနစ်နေသူတစ်ယောက်ကို ကယ်တင်ခဲ့ပါတယ်၊ အဲဒီလူဟာ မကြာခင်ကမှ သေသွားခဲ့တယ်၊ ပင်လယ်ကမ်းစပ်မှာ ဆောက်ထားတဲ့ အိမ်

www.burmeseclassic.com



ကလေးတစ်လုံး အဲဒီလူက ကျွန်မကို ပေးထားရစ်ခဲ့တယ်၊ အဲဒီအိမ်ကလေးမှာ နေဖို့ ငွေတွေလည်း ထားခဲ့တယ်၊ ကျွန်မ အလုပ်လုပ်စရာ မလိုတော့ပါဘူး၊ ဒါကြောင့် ဒီနေ့အထိ ကျွန်မ စောင့်နေခဲ့ပါတယ်၊ ကျောင်းအုပ်ကြီးကိုရော ကျွန်မကိုယ် ကျွန်မပါ ရည်မွန်ယဉ်ကျေးခဲ့ပါတယ်'လို့ ပြောပြီး ရှက်အမ်းအမ်းဖြစ်သွားပါတယ်။

ကျောင်းအုပ်ကြီးက သူမရဲ့ လက်နှစ်ဖက်စလုံးကို ဆွဲယူနှုတ်ဆက်ပြီး သူမကို နမ်းလိုက်ပါတယ်။

'ဝမ်းသာပါတယ်၊ မနေ့က ရှင်ပြောခဲ့တာတွေဟာ မှန်တဲ့စကားတွေ ဖြစ်ပါတယ်၊ ကျွန်မလည်း စိတ်ဆန္ဒရှိပါတယ်'

လို့ ပြောပြီး ကျောင်းအုပ်ကြီးက ရပ်သွားပါတယ်။

'ဒါပေမဲ့ နောက်တစ်ဆင့်က ကျောင်းကိုတစ်ရက်လုံးအားလပ်ရက်ပေးဖို့ပဲ ဖြစ်ပါတယ်'

ဒါကြောင့် မိန်းကလေးတွေကို ခေါ်လိုက်ပါ



တယ်။ ကျောင်းအုပ်ကြီးက စကားပြောပါတယ်။ မစ္စဟက်ဒန်ကလည်း စကားပြောပါတယ်။ ပင်လယ်ကမ်းစပ်က အိမ်ကလေးရဲ့ လိပ်စာ လူတိုင်းကို ပေးပြီး လာလည်ကြဖို့လည်း ဖိတ်ကြားပါတယ်။ နောက်တော့ ရိုစ်၊ အိုးနစ်ဒ်၊ မင်လ်ဒရက်နဲ့ ဂျိမ်းတို့က စားစရာ၊ သောက်စရာတွေ သွားဝယ်ကြပြီး ကျောင်းနဲ့ဝေးတဲ့ ကျေးရွာထဲ မြင်းတွေစီးပြီး ထွက်သွားကြပါတယ်။ ပျော်ရွှင်စရာကစားပွဲလေးတစ်ခု ကစားကြပါတယ်။

ညနေခင်းရောက်တော့ ကျောင်းအုပ်ကြီးက တစ်ဖွဲ့လုံးကို ခေါ်ပြီး သူနဲ့ မစ္စဟက်ဒန်ကို ဝိုင်းထိုင်နိုင်းပါတယ်။ ကျောင်းအုပ်ကြီးရဲ့ မျက်နှာဟာ ပျော်ရွှင်ပင်ပန်းနေပါတယ်။ နေက ဝင်နေပါတယ်။

"ကိုင်း...ကလေးတို့ရေ၊ ဆရာမရဲ့ဟန်ချက်ညီညီညှိနှိုင်းစနစ်ကို တန်ဖိုးထားတတ်ကြပုံမပေါ်ဘူး"

လို့ ရယ်မောပြီး ပြောပါတယ်။

'ဟုတ်ပါတယ်'

လို့ မိန်းကလေးတွေက ဖြေကြားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ··· ဆရာမ ဖွင့်ပြောပြမယ်၊ ဆရာမဟာ မလုပ်ချင်ပါဘူး၊ တကယ်တော့ အဲဒါကို ဆရာမ မုန်းပါတယ်၊ အဲဒီပုံစံက ပညာရေးဘုတ်အဖွဲ့ကို သဘောကျစေတာကြောင့် မလွဲသာဘဲ သင်ရတာ ဖြစ်ပါတယ်'

အဲဒီစကားကို ဆရာမတွေရော၊ မိန်းကလေးတွေပါ သဘောကျပြီး ရယ်မောကြပါတယ်။ ပညာရေးဘုတ်အဖွဲ့ဟာ နောက်ထပ်ကစားပွဲအသစ်တစ်ခုလို့ ထင်တဲ့ ဒိုလော့စ်နဲ့ ဗွိုင်အိုလက်တို့ကလည်း ရယ်မောကြပါတယ်။

* * *

အဲဒီသိက္ခာကျစေတဲ့ အရေးကိစ္စဟာ မီဖစ်စတိုဗီလက်စ်ရဲ့ အာရုံစိုက်မှုကို မလွဲရှောင်ဘူးဆိုတာ စိတ်ကူးကြည့်လို့ ရနိုင်ပါတယ်။ အစောဆုံးအခွင့်အလမ်းနဲ့ ဘုရားသခင် တရားစီရင်မယ့်နေရာထိုင်ခုံကို သူ ရှာဖွေခဲ့ပါတယ်။ လမ်းတစ်ဝက်မှာ ဘုရားသခင်ရဲ့ တမန်



ရက်ပ်ဟီးလ်ကို သူတွေ့ပါတယ်။ သူ့ကို ကူညီရမလားလို့ တမန်က ယဉ်ကျေးတဲ့အမူအရာနဲ့ မေးပါတယ်။

'အချိန်မတန်သေးပါ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်ဟာ အမှုကိစ္စတစ်ခု အခုအခါ ရှိနေပါတယ်'

လို့ သူက ပြန်လည်ပြောကြားပါတယ်။

'ကျူပ်ကိုပြရင် ကောင်းမယ်၊ ဘာအတွက်မှ မဟုတ်ဘဲ အဓေးကြီးပုံနေရရင် စိတ်မကောင်းစရာဗျာ၊ ဒီကိစ္စအတွက် စိတ်မချမ်းသာစရာ ကောင်းပါတယ်'

'အို··· အဲဒါ မဟုတ်ပါဘူး'

'နောက်ပြီး ဖော့စ်ရှိတယ်၊ ခင်ဗျား နောက်ဆုံးပိတ် အရေးယူမယ့် ဆုံးဖြတ်ချက်ရှိတယ်'

'အို··· ဒါလည်း မဟုတ်သေးပါဘူး၊ မဟုတ်ဘူးဗျ၊ ကျွန်တော် ဒီတစ်ကြိမ် သေချာပါတယ်၊ ပါရမီရှင်ရဲ့ အလဟဿဖြစ်မှုကို ကျွန်တော် သက်သေပြနိုင်ပါတယ်၊ သူတို့ကို နားလည်တာနဲ့ နားမလည်တာ ကြီးမြတ်တဲ့လူတွေ တွေးသိပါတယ်၊ လူတွေက သူတို့

www.burmeseclassic.com

www.burmeseclassic.com



နားလည်တယ်ထင်ပြီးတော့ နားလည်း မလည်ကြဘူး'

'အဲဒါ ခင်ဗျား သက်သေပြနိုင်မယ်ဆိုရင် ခင်ဗျားမှာ တကယ်အမှုတစ်ခုရှိတယ်'

လို့ ရက်ပ်ဟီးလ်က ပြောပါတယ်။ ဒီစကြဝဠာကြီးအတွက်တော့ ညှိနှိုင်းမှုပေါ်မှာ အနားယူဖို့လို့ မှတ်ယူရပါတယ်။ သူတို့ရဲ့ တန်ခိုးအစွမ်းတွေအရ သတ္တဝါအားလုံး ညှိနှိုင်းနေကြပါတယ်။

'နားထောင်… စွဲချက်တစ်၊ သူ့ရဲ့ အေမိုင်နာလေးယောက်တွဲ တီးမှုတ်ဖျော်ဖြေမှုကို အမျိုးသမီးတချို့ကြားရမယ်'လို့ ဘီသိုဘင်က အမိန့်ချမှတ်ပါတယ်။

သူတို့ ကြားကြပါတယ်။ တချို့က တီးဝိုင်းကိုကြားကြပါတယ်။ စွဲချက်နှစ်။ ဩစတာလစ်ဇ် အောင်ပွဲမှာ အဲဒီမိန်းကလေးတွေပဲ ပါဝင်ဆင်နွှဲကြလိမ့်မယ်လို့ နပိုလီယံ အမိန့်ချမှတ်ပါတယ်။ အကျိုးသက်ရောက်မှု၊ ကျောင်းတစ်ကျောင်း ပြုမူဆက်ဆံမှုကြောင့် ပေါ်ပေါက်လာတဲ့ အမွေအနှစ်။ စွဲချက်သုံး။ အမျိုးသမီးတွေ ဘီသိုဘင်ကို ဖျော်ဖြေတင်ဆက်တယ်။ နားလေးနေပြီး မရိုး



သားတဲ့ စာရေးတွေ တာဝန်ထမ်းနေကြတာကြောင့် ထိုးထွင်းသိမြင်ဉာဏ်နဲ့ သူတို့ တီးမှုတ်ကြတယ်လို့ သူက ထင်မှတ်ပါတယ်။ စွဲချက်လေး။ ပညာရေးဘုတ်အဖွဲ့ အထင်ကြီးသဘောကျစေဖို့ မိန်းကလေးတွေ နပိုလီယံကို လေ့လာသင်ယူကြတယ်။ သူ့ကို ကျကျနနလေ့လာသင်ယူနေကြတယ်လို့ သူက ထင်မှတ်သွားစေပါတယ်။ ကျူပ်မှာ တခြားအချက်တွေ ရှိပေမယ့် ဒါတွေက လုံလောက်ပါလိမ့်မယ်။ အောဘယ်လ်ကို ကိန်းက သတ်လိုက်ပြီးနောက်မှာ ပါရမီရှင်နဲ့ သာမန်ရိုးရိုးလူတို့ ဘယ်တော့မှ မညှိနိုင်ကြတော့ဘူး'

'ကဲ… ခင်ဗျားအမှုကရော'

စာနာထောက်ထားပြီး ရက်ပ်ဟီးလ်က မေးပါတယ်။

'ကျွန်တော့်အမှုလား၊ ဘာဖြစ်လို့လဲ၊ အဲဒါကျွန်တော့်အမှုလေ'

မီဖစ်စတိုဖီလက်စ်က ထစ်ထစ်ငေါ့ငေါ့နဲ့ ပြောလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အို… အပြစ်ကင်းတဲ့ သတ္တဝါရယ်၊ ပွင့်လင်းစမ်းပါ၊ အပါယ်ငရဲ လားနိုင်တယ်၊ ကမ္ဘာမြေပြန်သွားပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်စမ်းပါဦး၊ အဲဒီလူတွေ အဖို့ကတော့ ညှိနှိုင်းမှုပြုတာ မရှိကြဘူး၊ မီဖစ်စတိုဖီလက်စ်၊ တေးသွားနဲ့ အောင်ပွဲတို့ရဲ့ ဗဟိုဇာစ်မြစ်နေရာတွေက တစ်ဆင့်ပဲ သူတို့ ညှိနှိုင်းမှုပြုတာ ရှိကြတယ်'

❒

# ကံကောင်းပါစေ

**Wish Me Luck** **H.A Manhood**

www.burmeseclassic.com

၁၁ နာရီ။ တနင်္ဂနွေနေ့ရဲ့ ပျင်းရိစရာရန့်တွေ မရှိတော့ပါ။ 'ထရူးအက်စ်စတိတ်' အိမ်ကြီးရဲ့ မည်းမှောင်နေတဲ့ ညေ့ခန်းထဲက လှုပ်လှုပ်ရှရှဖြစ်နေတဲ့ မီးရဲ့ ရှေ့မှာ အဘွားကြီး အဲလစ်ပိုမီရှိုင်းဟာ ကျေနပ်စွာ ထိုင်နေပါတယ်။ အိမ်မှာမရှိတဲ့ အိမ်ရှင်ရဲ့ဇနီးဖြစ်ပြီး ငယ်ရွယ်ကြံ့ခိုင်တောင့်တင်းတဲ့ သူမရဲ့ ချွေးမနဲ့အတူထိုင်ပြီး ခေါင်းတညိတ်ညိတ်နဲ့ တိတ်တိတ်ဆိတ်ဆိတ် စကားပြောနေရင် ဆွီအိမီလီလို့ ခေါ်တဲ့ ဂျူနိပါယန့်ချိထည့်ထားတဲ့ ညတိုင်းသောက်နေကျ ဖန်ခွက်ကို တဖြည်းဖြည်းချင်း ငုံ့သောက်နေပါတယ်။ အဲဒီယန့်ချိဟာ အပေါ်ဝတ်ရုံရှည် ဝတ်ထားတဲ့ အပျိုပေါက်မလေး ပုံနဲ့တူတဲ့ ညှိုတိုတိုကရားထဲမှာ အမြဲပဲ အထူးစီမံထားရှိတာ ဖြစ်ပါ



တယ်။

အဘွားကြီးရဲ့ မွေးရာပါ ပုံပျက်ပန်းပျက် ခြေထောက်ကို မီးခိုးရောင်မှာ အနက်စင်းတွေ ရှိတဲ့ ကြောင်တစ်ကောင်က ပွတ်သပ်ပေးနေတာဟာ သနားကြင်နာတဲ့ အထိအတွေ့နဲ့ ကုစားပေးနေသလိုပါပဲ။ ထင်းစတွေပေါ်မှာ မီးဟာ စုပြုံတိုးဝှေ့လောင်နေပြီး တဖွားဖွားနဲ့ မီးပွားတွေ လွင့်နေပါတယ်။ ချိတ်ဆွဲထားတဲ့ ဖန်မီးအိမ်ထဲမှာ မီးစာဟာ ပုလင်းထဲသွင်းထားတဲ့ မြွေတစ်ကောင်နဲ့ တူနေပါတယ်။ ကြွေထည်ပစ္စည်းတွေနဲ့ ချိတ်ဆွဲထားတဲ့ သလင်းကျောက် အလှပစ္စည်းတွေဟာ တဖျတ်ဖျတ် လင်းလက်နေပြီး အပိုင်းပိုင်း အစစ ကွဲထွက်နေသလို ဖြစ်နေပါတယ်။

အရိပ်တွေဟာ မျက်နှာကြက်ပေါ်မှာ လင်းပိုင်ကခုန်ကစားနေသလို ဆတ်ခနဲ ဆတ်ခနဲ လှုပ်ရှားနေကြပါတယ်။ ရယ်စရာကောင်းတဲ့ အရိပ်တွေရဲ့ လှုပ်ရှားမှုတွေဟာ နံရံပေါ်က ရုပ်ပုံတွေဆီကို ရောက်ရောက်လာကြပါတယ်။ အရိပ်တွေဟာ တစ်ခုကိုတစ်ခု ခေါင်းငုံ့

www.burmeseclassic.com



ငုံ့ပြုကြပြီး ရှင်မြူးနေကြပါတယ်။ ဆေးကြောထားတဲ့ စားပွဲခုံရဲ့ အစွန်မှာ ညစာပြင်ထားပါတယ်။ အေးစက်နေတဲ့ အသားတွေ၊ ပေါင်မုန့်တွေနဲ့ ဆားရည်စိမ် ဟင်းသီးဟင်းရွက်တွေ၊ နောက်ပြီး အဝါရောင်ကိတ်မုန့်တစ်ချပ်တို့ ဖြစ်ပါတယ်။ ငရုတ်ကောင်းတွေ၊ ဆားတွေထည့်ထားတဲ့ ဘူးကြီးတွေကလည်း စားပွဲခုံအလယ်မှာ ရှိနေပါတယ်။

ဆံပင်ကြမ်းကြမ်းတမ်းတမ်းရှိပြီး ဆွံ့အနေတဲ့ မက်ရဲ့ အကူအညီနဲ့ ဆူဆန်ဟာ အရက်သောက်ခန်းကို ရှင်းထားခဲ့ပြီး နှစ်နှစ်ကာကာချစ်ရတဲ့ သူ့မယောက်ျား ဒန်ပိုမီရှိုင်းပြန်အလာကို စောင့်မျှော်နေပါတယ်။

မကြာမီက ဒန်ရဲ့အဖေ သေဆုံးခဲ့ပြီးနောက် သူ့အမေရဲ့ ဆန္ဒအရ သင့်တင့်တဲ့ ငွေအမြောက်အမြားကို ပိုင်ဆိုင်ကာ လက်ပတ်နာရီသံကြိုးပေါ်က အတော်အတန်ကြီးမားတဲ့ ရွှေနာရီနဲ့အတူ မကြာမီကမှ အမေရိကက ပြန်လာနေခဲ့ပါတယ်။ အလားအလာရှိပြီး လူကြီးလူကောင်းပီသတဲ့ မြေပိုင်ရှင်ကြီးရဲ့ မွေးရပ်မြေ



ဟာ သူ့ကို ကောင်းကောင်းကျေနပ်စေပါတယ်။ တာ့ဗ်ဖရန့်ပင်လယ်ကွေ့ရှိ သူပိုင်ဆိုင်တဲ့ အိမ်ကြီးထက် သူ့ဘဝမှာ ပိုမိုကောင်းမွန်တဲ့ ကန့်သတ်ချက်မရှိတော့ပါ။ သူ့အိမ်ဟာ သဘော်ဆိပ်ပေါ်က နေရာမှာ အဆင်ပြေလိုက်လျောကာ ကျောက်တုံးတွေနဲ့ သေသပ်လှပစွာ ဆောက်ထားတဲ့အိမ် ဖြစ်ပါတယ်။ ပင်လယ်ပြင်ကျယ်ကြီးကို မြင်ရပြီး လေက တဖြူးဖြူး၊ သဲသောင်ကမ်းကလည်း တဖိတ်ဖိတ် တလက်လက်နဲ့ စင်ရော်ငှက်ကလေးတွေကိုလည်း တွေ့မြင်ရပါတယ်။ မြေရိုင်းလွင်ပြင်တွေရှိပြီး ချောက်ကမ်းပါးတွေလည်း ရှိပါတယ်။ တောယုန်တွေနဲ့ တောကြက်တွေ ပေါများနေကြပြီး အမဲလိုက်ဖို့ ကောင်းနေပါတော့တယ်။ ချစ်ခင်စရာ ဇနီးမယားတစ်ယောက်အနေနဲ့ သူမရဲ့ ကိုယ်ပိုင်အခွင့်အရေးနဲ့ ငွေကြေးပြည့်စုံတဲ့နေရာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကြားမှာ ခခယယလုပ်စရာ၊ စကားများရန်ဖြစ်စရာ မလိုပါ။ စိတ်ကျေနပ်ပြီး နေချင်စဖွယ် အေးချမ်းသာယာတဲ့နေရာမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒန်ဟာ ကွန်နစ်ရှိလူမျိုးတစ်ယောက်ရဲ့ ကိုယ်ကာယ ပုံပန်းသဏ္ဍာန်ရှိသူ ဖြစ်ပါတယ်။ ခရီးတွေအများကြီးသွားခဲ့ပြီး ပျော်မြူးစရာဗဟုသုတနဲ့ ပြည့်ကာ သနားကြင်နာတတ်သူဖြစ်ပါတယ်။ သူရောက်လာတော့ သူ့ရဲ့ မည်းနက်တဲ့ မုတ်ဆိတ်မွေးကြီးတွေ၊ နှုတ်ခမ်းမွေးကြီးတွေနဲ့ အပျော်အပျက်တွေ လုပ်ပြပါတယ်။ သူဟာ ကျေးလက်သူဌေးမင်း မြေပိုင်ရှင် ဟက်ဒ်ဒီကုတ်ရဲ့ သက်ရှိပုံရိပ်ဖြစ်ပါတယ်။ အရေးမကြီးပေမယ့် မြေပိုင်ရှင် တောသူဌေးတစ်ယောက်ကို လူတွေ မကြိုက်နှစ်သက်ကြပါ။

ဒန်က စိတ်မဆိုးပါ။ ကျေးလက်မြေပိုင်ရှင်သူဌေးမင်းတွေလိုပဲ သူဟာလည်း မုတ်ဆိတ်မွေးထားခွင့်ရှိတယ်လို့ သဘောထားကြီးကြီးနဲ့ နားလည်ထားပါတယ်။ မြေပိုင်သူဌေးမင်းတစ်ယောက်နဲ့ သူ့ကို လူတွေက မှားယွင်းထင်မြင်တာကို သူက ရှင်မြူးရယ်မောပါတယ်။ ခင်မင်ဖော်ရွေလာမယ်လို့ ထင်မြင်ဝါတယ်။

ဒန်ဟာ မုတ်ဆိတ်မွေးတွေ ရိတ်ပစ်ပြီး မသင့်



တော်တဲ့ မလေးမစား ပြက်ရယ်ပြုမှုတွေကို ရပ်ဆိုင်းမယ်လို့ သူယုံကြည်ပါကြောင်း မြေပိုင်ရှင် ကျေးလက်သူဌေးကြီးက နှစ်ကြိမ် သူ့ကို ပြောကြားခဲ့ပါတယ်။ ဒန်က လက်မခံပါ။ သူ မြေပိုင်ရှင်သူဌေးကြီးမှ မဟုတ်တာ။ မြေပိုင်ရှင်ကြီးမှာ မုတ်ဆိတ်မွေးရှိတာနဲ့ ဘာမှမဆိုင်ကြောင်း သူက ဆိုပါတယ်။ အဲဒီငြင်းဆိုချက်ကို မြေပိုင်ရှင်ကြီးက အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ပါတယ်။ ဒန်ဟာ ထူးထူးခြားခြားချမ်းသာကြွယ်ဝလာတာ ဖြစ်ပါတယ်။ ကြံ့တောင့်ကြံ့ခံ စိတ်မချမ်းသာစရာ ဖြစ်ခဲ့တာပါ။ သူ့အဖေနဲ့ အဘိုးတို့ဟာ တန်ခိုးထွားခဲ့ပါတယ်။ သူ့အရင် မုတ်ဆိတ်မွေးထားခဲ့ကြသူတွေ ဖြစ်ပါတယ်။ မျိုးရိုးအစဉ်အလာကို သူမစွန့်နိုင်ပါ။

မြေပိုင်ရှင်ကြီး စိတ်ဆိုးနေတဲ့ကြားကပဲ ဒန်ကြီးပွားလာပါတယ်။ ထရွေးအက်စ်တိတ်ကို ပိုမိုရှိုင်းမိသားစု ပိုင်ပြီးနောက်မှာ အရက်အကောင်းစားတွေကို ရောင်းချခဲ့ပါတယ်။ မြေပိုင်ရှင်ကြီးရဲ့ ဩဇာအာဏာဟာ မအောင်မြင်နိုင်တော့ပါ။

www.burmeseclassic.com



ပိုးမွေးသလို မွေးထားတဲ့ မျိုးကောင်းမျိုးသန့် မြင်းတွေဆွဲတဲ့ ပြောင်ပြောင်လက်လက် လှည်းကြီးကို စီးပြီး မြေပိုင်ရှင်ကြီးဟာ တောရွာဘက်ကို သွားတတ်ပါတယ်။

ဒန်ကတော့ ရိုးရိုးသားသားပဲ မြည်းဆွဲတဲ့ လှည်းကို စီးပါတယ်။ သူ့အမေ ချစ်မြတ်နိုးတဲ့ မြည်းတွေထဲက တစ်ကောင်ကို သုံးတာ ဖြစ်ပါတယ်။

မြေပိုင်ရှင် တောသူဌေးက ဝင့်ဝါတဲ့ ဟန်ပန်နဲ့ သူ့လှည်းကို စီးနှင်သွားလာပြီး နေထိုင်ရာ နယ်ပယ်ထဲက ဒန်ထွက်သွားရအောင် လုပ်ဖို့ ယုတ်ယုတ်မာမာ တိုက်တွန်းနေပါတယ်။ ဒန်ကတော့ သူ့ဘာသာသူပဲ သူ့လုပ်ပိုင်ခွင့်တွေထဲမှာ နေပါတယ်။ သူ့ကို ဘာမှ မထိခိုက်နိုင်ပါ။ ရယ်ရယ်မောမောနဲ့ပဲ နေပါတယ်။ လူတွေကို တရားသဘောပြော၊ နားချနေတတ်ပါတယ်။ တစ်ခါတစ်ရံ ကမ္ဘာမြေကြီးရဲ့ အလှအပတွေ့ခဲ့ရတာတွေ ပြောပါတယ်။ ပိုမိုလွန်ကဲတဲ့ ချမ်းသာမှုကို မမက်မောသင့်ကြောင်း ပြောပါတယ်။ တကယ်မရှိတဲ့



ကောင်းကင်ဘုံရဲ့ အလှတရားကို မမျှော်ကိုးရကြောင်း စတာတွေကိုလည်း သူက ပြောပါတယ်။ မြေပိုင်ရှင် တောသူဌေးကြီး တက်ဒီကုတ်က ပိုပြီးစိတ်ဆိုးပါတယ်။

သူမ သောက်နေကျ ဖန်ခွက်ကို ကိုင်ကာ ထိုင်နေရင်း အဘွားကြီး အဲလစ်က သူကြားခဲ့ရတဲ့ အတင်းအဖျင်းစကားကို ပြောပြနေတာကို ဆူဆန်က စိတ်ဆိုးမာန်ဆိုးနဲ့ နားထောင်နေပါတယ်။

'ဘုရင်ကို နောက်ပြောင်ဖို့ သူ့မှာ ဘာအခွင့်တွေ ရှိသလဲ'

'မရှိပါဘူး'

အဲလစ်က သူမကို ဖြေကြားလိုက်ပါတယ်။ ဝမ်းနည်းပြီး စိတ်လည်း ဆိုးနေပါတယ်။ ကြည်လင်တဲ့ မြင်ကွင်းတွေ ရှိရမယ့်နေရာက မမြင်ရမှုကို တွေးလို့နေပါတယ်။ ဒါပေမဲ့ အခွင့်အရေးကို ခန့်မှန်းလို့ မရဘူး။ ကျွန်မတို့ တစ်ယောက်ချင်းစီနဲ့အတူ ဩဇာညောင်းမှု ပြောင်းလဲပါတယ်။ အမှန်နဲ့ အမှားပေါ်မှာ အားလုံးသဘောတူနိုင်ခဲ့ကြရင် ကမ္ဘာတစ်ဝက်ဟာ အလုပ်မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမယ်။ ပြန်စဖို့ မှားလိမ့်မယ်။ အဲဒီပဋိပက္ခပြီးရင် ဘုရားသခင်က အရဲရင့်ဆုံးလူတွေကို ကောင်းချီးပေးမယ်။

'ဝမ်းနည်းစရာပဲ'

အဘွားကြီး အဲလစ်က မြော်မြော်မြင်မြင်နဲ့ ခေါင်းညိတ်ပါတယ်။

'ညည်းညူလောက်အောင် စိတ်မကောင်းစရာပဲ၊ မထီလေးစား လှောင်ပြောင်သူတွေဟာ နင်းချေခံရမယ်လို့ ဘုရားသခင် ဟောပြောခဲ့တယ်'

ဆူဆန်က ပခုံးတွန့်လိုက်ပြီး ခန်းဆီးလိုက်ကာတို-တိုင်တာ ဝင်လာယ်ထဲ ငေးနေပါတယ်။

'ဒန်ကို လာစေချင်ပါတယ်'

လို့ သူမက တိုးတိုးလေးပြောပါတယ်။

'လမင်းနဲ့အတူပဲ သူ့ကို ရောက်စေချင်ပါတယ်'

'မပူပါနဲ့ကွယ်'

အဘွားကြီး အဲလစ်က နှစ်သိမ့်ပါတယ်။ ဒန်အမြန်ရောက်လာမယ့်အကြောင်းတွေ ရှိနေတာကို တွေး



ဖို့ သူမကို ဖျောင်းဖျပါတယ်။ ကြိုးစားပြီးမှ ပွင့်လာရတဲ့ ပန်းလိုပဲ ဘဝဟာ သူတို့အားလုံးအတွက် ချိုမြခဲ့ပါတယ်။

ဆူဆန်အဖို့ လမင်းဟာ သိပ်ကြီးမားပြီး လင်းထိန်နေပါတယ်။ ပါးလွှာတဲ့ တိမ်အလိပ်လိပ်တွေက ပြည့်ဖြိုးကောင်းမွန်တဲ့ စိတ်နေစိတ်ထားတွေ ယိုဖိတ်ကျနေပါတယ်။ ဖောက်ထွင်းမြင်ရတဲ့ မြူနှင်းတွေကို ထွန်ယက်ထားသလို ပင်လယ်ပြင်ဟာ ခပ်မှိန်မှိန်လင်းနေစေပါတော့တယ်။

နွေဦးဟာ သူမနှလုံးသားထဲမှာ ရောက်ရှိနေပါပြီ။ ဒန်လာရာလမ်းကို မှန်းဆပြီး ပြုံးပျော်နေပါတယ်။ အပြန်လမ်းတစ်လျှောက်မှာ ကျောက်တုံးတွေကို ဖြတ်ကျော်ရမယ်။ မြေရိုင်းလွင်ပြင်ကြီးတွေကို ဖြတ်ကျော်ရမယ်။ ကျောက်တုံးတွေထဲက ရေအိုင်တွေကို ဖြတ်ကျော်ရမယ်။ သူမ တွေးဆနေတာတွေကိုလည်း သူကတွေးနေနိုင်ပါတယ်။ အပြန်လမ်းပေါ်က လက်သမားဆရာရဲ့ ဆိုင်မှာ ရပ်ချင် ရပ်နိုင်ပါတယ်။ မျက်မမြင်

www.burmeseclassic.com

www.burmeseclassic.com



ပင်ဂျယ်လီနဲ့ သူ့ရဲ့သားတို့ကို နှုတ်ဆက်စကားဝင်ပြောနိုင်ပါတယ်။

'ကျွန်တော့်မိန်းမနဲ့ ကျွန်တော်တို့ စီးသွားကြမယ့် လှေသင်္ဘောကြီးအကြောင်း ပြောနိုင်ပါတယ်၊ သူ့ကို ဘုရားသခင် စောင်မပါစေ''

သူမရဲ့ စိတ်ဟာ ချစ်ခြင်းမေတ္တာနဲ့ ရှုန်းလှဲ့နေပါတယ်။ သမ္မာကျမ်းစာထဲက မိသားစုကို ရေကြီးတဲ့ဘေးက ကယ်တင်ခဲ့တဲ့ လှေကြီးနဲ့တူတဲ့ အဲဒီဆိုင်ကို ဆူဆန် တွေးမြင်မိပါတယ်။ ထုဆစ်ထားတဲ့ လမ်းညွှန်ကျောက်တုံးကြီးတစ်လုံးနဲ့အတူ ထီးတည်းကြီးရှိနေတဲ့ ဆိုင် ဖြစ်ပါတယ်။

အဲဒီဆိုင်ကို ဆောက်တဲ့ ပင်ဂျယ်လီရဲ့ အကြောင်းပြချက်ဟာ ထူးထူးခြားခြားကောင်းမွန်ပါတယ်။ သူ ငယ်ငယ်က သင်္ဘောတည်ဆောက်တဲ့ လက်သမားဆရာ ဖြစ်ပါတယ်။ တစ်ခါတုန်းက သူဟာ သင်္ဘောပျက်ပြီး ကျွန်းတစ်ကျွန်းပေါ်မှာ သောင်တင်နေခဲ့ပါတယ်။ ကယ်တင်မယ့်သူ မတွေ့ခင်မှာ သူဟာ



ရေငတ်တဲ့ဒဏ်ကို ခံစားခဲ့ရပါတယ်။ အိမ်ပြန်ရောက်တော့ လမ်းဆုံလမ်းခွမှာ မပြတ်စီးဆင်းနေတဲ့ စမ်းချောင်းကလေးကို သူအမှတ်ရမိတယ်။ အောက်ဘက်မှာ ကျောက်ဆောင်ထူထပ်တဲ့ ချိုင့်ဝှမ်းရှိပြီး သဲဖြူဖြူတွေ ရှိပါတယ်။ အဲဒီ သဲတွေက တစ်ဆင့် ရေတွေ ပလုံစီ သံတွေ အဆက်မပြတ်ကြားနေရတာ ပုန်းအောင်းနေတဲ့ သတ္တဝါကြီးတစ်ကောင် အသက်ရှူနေသလိုပါပဲ။ သဲတွေဟာ ဟိုဟိုဒီဒီ ပန်းထွက်နေပါတယ်။ အဆောက်အအုံဆောက်ဖို့ ကောင်းတဲ့နေရာတွေ ဖြစ်ပါတယ်။ ညဘက်မှာ သင်္ဘောပြတင်းတွေထဲ သဲတွေဖုံးပြီး မှုန်ဝါးဝါးဖြစ်နေပါတယ်။

တံခါးကိုတော့ ပင်ဂျယ်လီငယ်လေးက ဆေးထူထူသုတ်ထားပါတယ်။ သင်္ဘောတွေနဲ့ ပုခက်တွေမှာ သုတ်တဲ့အရောင်တွေ ဖြစ်ပါတယ်။ အခေါင်းတွေကိုလည်း သူတို့လုပ်ပါသေးတယ်။ တောမြေပိုင်ရှင် ဟက်ဒီကုတ် ကြိုက်တဲ့ အမည်းရောင်တွေ၊ ဒန်ကြိုက်တဲ့ မီးပြာရောင်တွေမှာ သုတ်မှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆူဆန် ပြုံးလိုက်ပါတယ်။ ကြောက်စရာကောင်းတဲ့ အတွေးကို ဖယ်လိုက်ပါတယ်။ ဒန် နမ်းတတ်ပြီး ခပ်ဖွဖွကိုက်တတ်တဲ့ သူမရဲ့လည်ပင်းကို ဖွဖွလေး စမ်းလိုက်ပါတယ်။ အဘွားကြီး အဲလစ်ကလည်း ကြည့်နေပြီး ပြုံးပါတယ်။ သူမ အိပ်ရာထဲ ဝင်စောင့်မျှော် တွေးတောနေဖို့ကောင်းတယ်လို့ ထင်လိုက်ပါတယ်။ အရက်ခန်းထဲမှာ သူ့အချိန်ကို မှတ်သားနေသလိုပဲ ဘုံပိုင်ခေါင်းက တစက်စက်ကျနေပါတယ်။ ထရွေးအက်စ်တိတ်မှာတော့ အချိန်ဟာ မတူဘဲ သွားနေတယ်လို့ အဲလစ်က ထင်မြင်နေမိပါတယ်။ ဒန့်အိမ်ကို ကောင်းတောင်းမွန်မွန် သစ္စာရှိရှိပြန်လာတဲ့အတွက် ဘုရားသခင်တို့ သူမက ကျေးဇူးတင်နေမိပါတယ်။

သူမရဲ့ လမ်းလျှောက်လက်ကိုင်တုတ်ကြီးကို မ,ယူပြီး သူမရဲ့ ပုံပျက်ပန်းပျက်ခြေထောက်ကြီး ဒရွတ်ဆွဲသွားပါတယ်။ အမြဲတမ်းလုပ်နေကျအတိုင်း သူမယောက်ျားရဲ့ ရုပ်ပုံကို ဦးညွှတ်လိုက်ပါတယ်။ သူမရဲ့ ပိန်ပိန်ပါးပါး စပိန်မျက်နှာဟာ တယုတယနဲ့ တွန့်ရှုံ့



သွားပါတယ်။ ဆူဆန်ကလည်း သူမလုပ်နေကျအတိုင်း ပြတင်းပေါက်ကို လာပြီး ငြိမ်သက်မှုအတွက် သူမရဲ့ လက်ချောင်းလေးတွေကို ကိုင်လိုက်ပါတယ်။ တိတ်ဆိတ်ငြိမ်သက်နေမှုထဲမှာ ကျောက်တုံးတွေ လိမ့်ဆင်းကျလာသလို မြင်းခွာသံတွေ တောင်ပေါ်က ဆင်းကျလာပါတော့တယ်။

'ဟော... သူ အတိုးချပြီး အမီရောက်လာပြီ'

ဆူဆန် တံခါးပေါက်ကို ပြေးထွက်သွားပါတယ်။ မှောင်းထဲမှာ မြင်းထားတာကို ကူညီပေးဖို့ စိတ်စောနေပါတယ်။

အဲလစ်ကတော့ နားစွင့်နေတုန်းပါပဲ။ လွဲမှားနေပြီဆိုတာကို အမြန်ပဲ သတိပြုလိုက်မိပါတယ်။

'ဒန်အဖို့ သိပ်မြန်တာပဲ'

လို့ သူမပါးစပ်က ရေရွတ်လိုက်ပါတယ်။ သူမရဲ့ တဘက်ကို လှမ်းယူပြီးနောက် အမြန်ခြုံလွှမ်းတာ စစ်ပွဲကို ထွက်မယ့်ပုံမျိုးနဲ့ ထွက်သွားပါတယ်။ ဒုက္ခကို

www.burmeseclassic.com

www.burmeseclassic.com



သူမ သတိမမူမိခဲ့ဘူး။

အချိန်လွန်မှ ပြေးလာတဲ့ မြင်းဟာ သူမရဲ့ အတွေ့အကြုံအရ မကောင်းဘူးဆိုတာ သိပါတယ်။ ဆရာဝန်ကို လာခေါ်တာမျိုး ဖြစ်နိုင်ပါတယ်။ စိုးရွံ့စရာလေးတစ်ခုဟာ သူမရဲ့နှလုံးသားထဲမှာ ထိတ်ခနဲဖြစ်သွားပါတယ်။

ဒါပေမဲ့ သူမက ရဲရဲဝံ့ဝံ့နဲ့ ဖယ်လိုက်ပါတယ်။ ဘီးတွေဟာ လမ်းခင်းကျောက်တွေပေါ်မှာ တကျွန်းကျွန်း ခုန်နေပါတယ်။ ချက်ချင်းပဲ ရှေ့တံခါးကို ခေါက်နေပါတယ်။ အနီးရှိခွေးတစ်ကောင်က ဟောင်လိုက်တော့ အသံတစ်သံက ခွေးကို ဆဲဆိုပါတယ်။

'သူဌေးမင်း ဟက်ဒီကုတ်'

အဘွားကြီး အဲလစ်က စိုးရိမ်တကြီးနဲ့ ခေါ်လိုက်ပါတယ်။ ဆူဆန်က တံခါးဖွင့် လိုက်လာပါတယ်။ သူမရဲ့နောက်မှာ ပါးဟပ်အဟောင်းသားနဲ့ မက်က ငေးကြည့်နေပါတယ်။ ကွေ့လိုက်တော့ ကြောက်ရွံ့ပြီး မောနေတဲ့ မြင်းတွေ နောက်ဆုတ်သွားကြပါတယ်။



သူဌေးမင်းက ထိုင်နေပြီး ကြာပွတ်လက်ကိုင်နဲ့ တံခါးကို ခေါက်နေပြန်ပါတယ်။

'ပြောပါဦး'

အဘွားကြီးအဲလစ်အဖို့ အချိန်ကုန်မခံနိုင်တော့ပါ။

သူဌေးမင်း ဟက်ဒီကုတ်က ကြာပွတ်ကို နှိမ့်ချလိုက်ပြီး သူ့ရဲ့မုတ်ဆိတ်မွေးတွေထဲမှာ သွားတွေပေါ်အောင် ပြုံးပြပါတယ်။

'အန္တရာယ်တစ်ခု ဖြစ်ခဲ့တယ်၊ တောင်ပေါ်တာ ပိုမီရှိုင်းဆီကို ကျုပ်ပြေးသွားခဲ့တယ်၊ ကျုပ်မြင်းက ထိတ်လန့်ကြောက်ရွံ့ပြီး သူ့ကို တက်နင်းခဲ့တယ်၊ သွားကြည့်လိုက်ပါဦး'

ဆူဆန်က ဘာမှမပြောနိုင်ဘဲ ရုတ်တရက် ထိတ်လန့်သွားပြီး မျက်လုံးပြူးသွားပါတယ်။ မက်ကို အမိလိုက်ပြီး တောင်ပေါ်ကို ပြေးတက်သွားပါတယ်။ သူတို့ရဲ့အရိပ်တွေ လရောင်မှာ ပေါ်နေပါတယ်။ အဘွားကြီး အဲလစ်က သူ့လမ်းလျှောက်တုတ်ကိုင်ကာ ရပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး အသက်မရှူနိုင်ဘဲ ဖြစ်နေပါတယ်။ အငြိုးထားလို့ ဒဏ် သေရတာဖြစ်ကြောင်း သူမက တွေးထင်လိုက်ပါတယ်။

သူ့ကို မွေးဖွားခဲ့ရတဲ့ ဝေဒနာဒဏ်ကို ထူးထူးဆန်းဆန်း သတိရနေမိပါတယ်။ ကွယ်လွန်ခဲ့တဲ့ သူမယောကျ်ားဟာ နွေးထွေးလှိုက်လှဲပြီး သူမဘက်မှာ ရှိနေသလို ခွန်အားရလာပါတယ်။ 'ဘေးအန္တရာယ်ဟာ အံ့စရာ ဆိုးဝါးပါတယ်' လို့ သူမက တွေးလိုက်ပါတယ်။ တောသူဌေးမင်းက သူမကို သဘောကျပြီး ကြည့်နေပါတယ်။ ကလဲ့စားချေရတာကို ကျေနပ်နေပါတယ်။ ဣန္ဒြေဆည်လိုက်ပြီး အဲလစ်က ဒူးကွေးဦးညွှတ် ပညာသားပါပါနဲ့ အရိုအသေပြုလိုက်ပါတယ်။

'လာအကြောင်းကြားတာ ကျေးဇူးတင်ပါတယ်ရှင်၊ လက်ဆွဲနှုတ်ဆက်ရမှာပဲ၊ ကျွန်မမှာ ဘရန်ဒီရှိပါတယ်ရှင်'

သေလိုက်ပါလားလို့ သူမကို သူဌေးမင်းက ပြောဖို့ ပါးစပ်ဖျားလေးမှာ မေ့နေပါတယ်။ စိတ်ထား



ဆိုးတဲ့ အဘွားကြီးရဲ့ သားကို ထိုက်တန်သလို သူက ဆောင့်ပြီး နင်းခဲ့ပါတယ်။ ဒါပေမဲ့ တမင်သက်သက် လုပ်ခဲ့တာလို့ အဘွားအိုကြီးက မထင်နိုင်ပါဘူး။

'ခင်ဗျားကို သိပ်ဒုက္ခဆင်းရဲ မရောက်စေဘူး ထင်ပါတယ်'

လို့ သူက ယဉ်ယဉ်ကျေးကျေးလေး ပြောလိုက်ပါတယ်။ မြင်းနဲ့ နင်းခဲ့ပြီး နောက်မှာ ကလေးငယ်တစ်ယောက်ကတော့ လက်ခံနိုင်စရာ ရှိပါတယ်။ သွားပေါ်အောင် ပြုံးနေတဲ့ ကြောက်စရာ တစ္ဆေသရဲ သူ့အရိပ်ကြီးလို ဖြစ်နေပါတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့ လာအကြောင်းကြား ပြောကြားထားခဲ့လို့ ဘယ်သူကမှ သူ့ကို ဖြစ်မှုကျူးလွန်တဲ့ အငြိုးထားမှုလို့ မစွပ်စွဲရဲကြပါဘူး။

အဘွားကြီးအဲလစ်က တော့နင်းတော့နင်းနဲ့ အိမ်ထဲဝင်သွားပြီး ဘရန်ဒီတစ်ပုလင်းနဲ့ ဖန်ခွက်တစ်လုံး ယူလာခဲ့ပါတယ်။ ဖန်ခွက်ထဲ အရက်ထည့်လိုက်ပြီး သူဌေးမင်းကို ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကံကောင်းပါစေ'

လို့ အဘွားကြီးက ဆိုပါတယ်။

ပေါ့ပေါ့တန်တန်ပဲ သူဌေးမင်းကလည်း ဆိုပါတယ်။ သဘောကျနှစ်သက်စွာပဲ သူက ခေါင်းငိုက်ပြီး သောက်လိုက်ပါတယ်။ အဘွားကြီး အဲလစ်က သူမရဲ့ လမ်းလျှောက်တုတ်အလေးကြီးကို မထားပြီး သူ့ကိုယ်သူ အားပြုထားပါတယ်။ သူမရဲ့ လမ်းလျှောက်တုတ်ကြီးကို ခက်ခက်ခဲခဲ မပြီး သူ့ရဲ့ ကုပ်ပိုးပေါ် တအားလွှဲရိုက်လိုက်ပါတယ်။ သူ ရှေ့ကို လဲကျသွားပါတယ်။ ဖန်ခွက်ကျသွားပြီး အပိုင်းပိုင်းကွဲသွားပါတယ်။ မြန်မြန်ဆန်ဆန်ပဲ အဲလစ်က သူ့ပေါ်ကို ဘရန်ဒီအရက်တွေ လောင်းချလိုက်ပြီး ပုလင်းကို သူ့အိတ်ထဲ ထိုးထည့်လိုက်ပါတယ်။

နောက်တော့ သူမဟာ သူမရဲ့ တုတ်ကို ထပ်မံသုံးပြန်ပါတယ်။ ဒီတစ်ခါတော့ မြင်းပေါ်ကို ရိုက်ပါတယ်။ မြင်းဟာ ရှေ့ကို ပြေးလွှားခုန်ပေါက်ပြီး အရူးလို သင်္ဘောဆိပ်ကို ပြေးသွားပါတော့တယ်။ အဲလစ်က



စောင့်နေလိုက်ပါသေးတယ်။ ချောက်ကမ်းပါးစွန်းပေါ်မှာ မြင်းက ပတပ်ရပ်ပါတယ်။ နောက်တော့ အောက်ကို ကျသွားပါတော့တယ်။ လဲပြိုကျသံကြီး ဖြစ်သွားပါတယ်။ နောက်တော့ လုံးဝတိတ်ဆိတ်သွားပါတယ်။ သင်္ဘောဆိပ်အောက်ဘက်က ကျောက်တုံးတွေ လမ်းက ပြန်လာတော့ အဲလစ်ဟာ သံသယရှိစရာ မလိုတော့ပါ။ လမ်းလျှောက်တုတ်ရဲ့ လက်ကိုင်ဘုကို သူ့ရဲ့တစ်ဖက်နဲ့ ပွတ်ပြီး အိမ်ပြန်လာခဲ့ပါတယ်။ သူမယောက်ျားရဲ့ ရုပ်ပုံတွေမှာ ရပ်ကာ စိတ်ကို ငြိမ်ငြိမ်ထားပြီး သဘောကျစွာ ငေးနေပါတော့တယ်။ သွေးမရှိတဲ့ သူမရဲ့ ပါးပြင်ပေါ်မှာ ရဲရင့်တဲ့စိတ်ဓာတ်တွေ ရှိလာကာ ရွာထဲက ဆရာဝန်အိမ်ကို ပြေးသွားပြီး တံခါးခေါက်လိုက်ပါတယ်။

'အမြန်လာပါ၊ အမြန်လာပါ၊ အရှုပ်အထွေးတွေ ဖြစ်နေပါတယ်၊ ကျွန်မတို့ရဲ့ ဒန် စော်ကားခံရလို့ပါ၊ သူဌေးကြီး ဟတ်ဒီကုတ် အရက်မူးမူးနဲ့ ကယောင်ကတမ်းတွေပြောပြီး သင်္ဘောဆိပ်ပေါ်က ကျသွားတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အမြန်လိုက်ခဲ့ပါ ဆရာ’

သူမ ထိတ်လန့်နေပါတယ်။ အဘွားကြီး အဲလစ်ဟာ မောကြီးပန်းကြီးနဲ့ ပြန်သွားပါတယ်။ သူမရဲ့ လမ်းလျှောက်တုတ်ဟာ လမ်းခင်းကျောက်တွေပေါ်မှာ တဒုန်းဒုန်းမြည်နေပါတယ်။ ဒန်မရှိတော့ဘူးဆိုရင် နေမင်းလည်း ရှိမှာမဟုတ်တော့ပါ။ မက်နဲ့ ဆူဆန်တို့က ဝင်ရိုးကျိုးနေတဲ့ မြင်းလှည်းကို အိမ်အရောက်ဆွဲလာကြပါတယ်။

ဒန်က ခွေယိုင်ပြီး လှဲနေပါတယ်။ ပါးမှာ သွေးတွေထွက်နေပါတယ်။ ဆူဆန့်မျက်နှာမှာ သွေးမရှိပါ။ သူမရဲ့ ဒုက္ခဝေဒနာမှာ အသက်မရှိတော့ပါ။ မက်က ဗလုံးဗထွေးနဲ့ ပြောပြီး အလွန်စိုးရိမ်ပူပန်နေပါတယ်။ သူတို့သုံးယောက် ဒန်ကို အိမ်ထဲ အသာအယာသယ်ယူလာခဲ့ကြပါတယ်။ အဲလစ်က အထူးသီးသန့် ဘရန်ဒီကို ရှာပါတယ်။ ရေတွေ လောင်းချပါတယ်။ ဆူဆန်က လေးလံတဲ့ဦးခေါင်းကို မ,ထားပါတယ်။ စေ့နေတဲ့ ပါးစပ်ကို ဟပြီး ဘရန်ဒီထည့်ထားတဲ့ ဖန်ခွက်ကို



လောင်းထည့်ပါတယ်။ အရက်တွေ သွားတွေကြားက ကျသွားပါတယ်။ ဘုရားသခင် ကယ်တော်မူပါ။ သူတို့က ံ ဒီတစ်ကြိမ်မှာ ကောင်းပါတယ်။ သူမက သွေးထွက်နေတဲ့ နေရာတွေကို ညင်ညင်သာသာလေး သုတ်ပေးပါတယ်။ နားစွင့်လိုက်၊ မရဲတရဲနဲ့ ခေါင်းညိတ်လိုက်၊ စိတ်သက်သာမှုကို တိုးတိုးလေးပြောလိုက် လုပ်နေပါတယ်။

‘ကောင်းသွားပြီ’

‘ဘုရားသခင် ကျေးဇူးပဲဟော့’

အဲလစ်က ကျေးဇူးတော်တင်စွာနဲ့ ဆုတောင်းနေတဲ့ သူ့လက်တွေကို ဖြေလိုက်ပါတယ်။ ထိုင်ခုံရှိရာကို ထော့နင်းထော့နင်းနဲ့ သွားပါတယ်။ စိတ်မကောင်းမဖြစ်တော့ဘဲ နွမ်းနယ်နေပြီး ကျေးဇူးတင်ရှိနေပါတယ်။ မက်က ပျော်ရွှင်သွားပြီး ဒန်ရဲ့ ဖိနပ်ကြိုးတွေ ပြေနေပါတယ်။ ကျန်တဲ့အရက်က ဒန်က တစ်ကျိုက်ငုံချလိုက်ပြီး သက်ပြင်းချကာ မျက်တောင်ခတ်လိုက်ပါတယ်။ သူက အားယူထပြီး မတ်မတ်ထူလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆုဆန်နဲ့ သူ့အမေတို့က ဂရုစိုက်နေကြပြီး သူက မျက်နှာ ရှုံ့မဲ့ပြပါတယ်။

'မတော်တဆကလေးပါ'

လို့ သူက ပြောပါတယ်။

'မတော်တဆ၊ ဟုတ်လား'

ဖြစ်တောင့်ဖြစ်ခဲတဲ့ အဖြစ်အပျက်လို့ ဒန်ကို ပြောခိုင်းကြပါတယ်။

အဘွားကြီးအဲလစ်က ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်ပါတယ်။ နံရံပေါ်က ရုပ်ပုံကို ပြုံးပြီး ကြည့်လိုက်ပါတယ်။ ဖအေတူသားလေး ဒန်ဟာ အပြစ်တစ်ခုကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်။ သူတို့အားလုံးအတွက် စိတ်အေးချမ်းသာရာ ရသွားကြပြီး မလိုမုန်းထားတဲ့ အငြိုးတွေလည်း မရှိတော့ပါ။ နှစ်သက်ကြည်နူးဖွယ်ကောင်းတဲ့ လက်ဆောင်မွန်ပါပဲ။ ကံကောင်းပါစေ။ ထွေးနွေးထွေးနွေးနဲ့ အိပ်ရာထဲမသွားခင် သူမက အားလုံးကို ဆုတောင်းပေးလိုက်ပါတယ်။

□

# မှန်တဲ့ဘက်မှာ

**The Right Side** **John Collier**

www.burmeseclassic.com

www.burmeseclassic.com

အလွန်အမင်း သွေးဆုတ်ဖြူရော်ဖျော့တော့နေတဲ့ လူငယ်တစ်ယောက်ဟာ ဝက်စ်မင်စတာ တံတားကြီးရဲ့ အလယ်ကို လျှောက်လာနေပြီး ကာရံထားတဲ့ ခပ်နိမ့်နိမ့်နံရံကို ကုပ်ကပ်တွယ်တက်နေပါတယ်။ သူ့ထက် အသက်နည်းနည်းကြီးပြီး ညနေခင်း အဝတ်အစား အပေါ်ဝတ်ရုံရှည် ဝတ်ဆင်ကာ တစ်ဖက်တည်းမျက်မှန်ကို တပ်ထားတဲ့ အသားညိုညို၊ လူကြီးတစ်ယောက် ဘယ်ကမှန်းမသိ ပေါ်ထွက်လာပြီး အဲဒီလူကြီးက လူငယ်ရဲ့ ခြေထောက်ကို ဆွဲလိုက်ပါတယ်။

'နေစမ်းပါဗျာ'

လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ့်လူက ပြောလိုက်ပြီး ကန်ကျောက်ပါတယ်။



'ဆင်းလိုက်ပြီးတော့ ငါ့ဘေးမှာလိုက်လျှောက်၊ တို့ဘက်ကို လာနေတဲ့ ရဲတစ်ယောက် သိသွားရင် မင်းအဖမ်းခံရလိမ့်မယ်၊ စိတ်လှုပ်ရှားမှုကို တောင့်တနေသူတစ်ယောက်နဲ့ သူ့အောက်မကျသင့်ဘူးလို့ စိုးရိမ်ပူပန်နေသူတစ်ယောက်တို့လို မိတ်ဆွေနှစ်ယောက် ဟန်ဆောင်ကြရအောင်'

လူငယ်လေးက ထောင်ကျမှာထက် သိမ်းမြစ်ထဲကိုပဲ ရောက်ချင်နေပါတယ်။ အခုတော့ အဆင်ပြေသလိုပဲ အဲဒီလူကြီးနဲ့ လမ်းလျှောက်နေရပြီး ရဲအရာရှိကို ဖြတ်ကျော်သွားရလို့ ပြုံးနေပါတယ်။ နောက်တော့မှ...

'နေစမ်းပါဦး၊ ကိုယ့်အလုပ်ကို မလုပ်ဘဲနဲ့ ဘာဖြစ်လို့ ဝင်ရှုပ်တာလဲဗျ'

'ဒီမှာ ဖီးလစ်ဝက်စ်ဝစ်၊ ငါ့အလုပ်ကိုပဲ မင်းကို ငါ သဘောထားလို့ပါကွာ'

လို့ လူကြီးက ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ခင်ဗျားက ဘယ်သူလဲ၊ ကျွန်တော် မသိဘူး၊ ကျွန်တော့်မှာမည် ဘယ်လိုလုပ်သိတာလဲ'

လူငယ်က စိတ်မရှည်နိုင်ဘဲ ပြောလိုက်ပါတယ်။

'မင်းရဲ့ ဆုံးဖြတ်ချက်ကို အမြန်အကောင်အထည်ဖော်ဖို့ လုပ်နေတုန်း လွန်ခဲ့တဲ့ နာရီဝက်လောက်ကပဲ ငါ့ခေါင်းထဲ ရောက်လာခဲ့တာပါ'

လို့ လူကြီးက ပြောပါတယ်။

'ဘာဖြစ်နိုင်တယ်ဆိုတာ ကျွန်တော် မသိသလို ဂရုလည်း မစိုက်ဘူးဗျာ'

'ချစ်ကြ ကြိုက်ကြတဲ့ မင်းတို့ကို ဘာကမှ ထိတ်လန့်အံ့ဩစေမှာ မဟုတ်ဘူး၊ မင်းတွေ့ခဲ့ရတဲ့ ကောင်မလေးတွေက ပထမတော့ မင်းကိုကြိုက်ကြမှာပေါ့လေ၊ နောက်တော့ တခြားတစ်ယောက်ယောက်ကို ကြိုက်သွားကြမှာပေါ့'

'ခင်ဗျား ဘယ်လိုလုပ်သိတာလဲ၊ ဒီလိုကိစ္စ



မျိုးတွေ ပြီးသွားပြီဗျ'

သနားစရာကောင်းတဲ့ ဖိုးလစ်က ပြောလိုက်ပါတယ်။

'ဒါကို ငါ အများကြီးသိတာပေါ့ကွာ၊ ရယ်စရာကောင်းတယ်'

'မင်လီဆင့်ရဲ့ ရင်ခွင်ထဲမှာ မင်းပျော်မြူးပြီး နိဗ္ဗာန်ရောက်နေပြီ ထင်ခဲ့တုန်းက ငါသတိပေးခဲ့ရင် မင်း ဘာပြောမလဲ၊ မင်းက သူ့ကို ဘွန်းလမ်းပေါ်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ စားပွဲထိုးတဲ့ ဆံပင်နက်နက်နဲ့ ကောင်မလေး ဖြစ်စေချင်ခဲ့တယ် မဟုတ်လား၊ အခုတော့ မင်းရဲ့ မင်လီဆင့်က ပစ်သွားလို့ မင်းကိုယ်မင်း သတ်သေတော့မယ်၊ အခု အဲဒီကောင်မလေးက ဘွန်းလမ်းမှာ ရှိနေတာပဲ၊ ဒါကို မင်းဘာပြောမလဲ'

'လူတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ရှိနေတဲ့အခါ ဖြစ်ချင်တဲ့ ဆန္ဒနဲ့ တစ်ယောက်ယောက် အဲဒီမှာရှိနေနိုင်တဲ့အခါ အဲဒီလူရဲ့ စိတ်ဆန္ဒမတူဘဲ သိပ်ကွာတယ်ဆိုတာ ခင်ဗျား မသိဘူးထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခင်ဗျားရဲ့အသိက မယုံနိုင်စရာ ထူးခြားတာ ပဲ'

'ဒါဟာ သဘာဝပဲကွ'

သူဘာသာသူ ကျေနပ်အားရတဲ့အပြုံးနဲ့ ပြန်ပြော လိုက်ပါတယ်။ သူဟာ မကောင်းဆိုးဝါးတစ်ကောင် ထက် ဘာမှမပိုဘူးလို့ ဖီးလစ်က ရုတ်တရက်ပဲ နား လည်သိရှိလိုက်ပါတယ်။

'ဘာဝင်ရှုပ်မလို့လဲ'

ဖီးလစ်က နောက်ဆုတ်ပြီး မေးလိုက်ပါတယ်။

မကောင်းဆိုးဝါးကောင်ကြီးက စေတနာရှိတဲ့ ပုံနဲ့ စီးကရက်တစ်လိပ် လှမ်းပေးပါတယ်။

'မူးယစ်ဆေးဝါး မဟုတ်ပါဘူးနော်'

လို့ ဖီးလစ်က ပြောပြီး သံသယရှိရှိနဲ့ နမ်းရှူ ကြည့်ပါတယ်။

'မင်းတို့ ကျော်လွှားအောင်နိုင်စေဖို့ ဒါမျိုး စီမံ ဆောင်ရွက်နိုင်စရာအတွက် အပန်းဖြေ ခိုကိုးရာကို ငါ လိုအပ်တယ်လို့ မင်းမထင်ဘူးလား၊ ငါ့ဘက်မှာ



အကြောင်းပြချက် ရှိတယ်'

'အကြောင်းပြချက်တွေနဲ့ တွေးခေါ်မြော်မြင်မှု ဂုဏ်သတင်းတွေ ခင်ဗျားမှာ ရှိပါတယ်၊ အရမ်းပဲ အမြဲထာဝရဖြစ်ချင်တဲ့ တောင့်တမှုဆန္ဒလေး ကျွန်တော့် မှာ ရှိပါတယ်'

'ကိုယ့်ကိုယ်ကိုယ် သတ်သေမယ်လို့ စဉ်းစား ပြီးတဲ့အခါ ဘာကိုမျှော်လင့်လဲ'

'အဲဒီထဲမှာ အမှားတစ်ခုမှ မမြင်မိပါဘူး'

လို့ သူ့ရဲကောင်းလေးက ပြောလိုက်ပါတယ်။

'သူ့သခင်ရဲ့ ဖိနပ်ကို ဖျက်ဆီးတဲ့ ခွေးကလေး လည်း ဒီလိုပဲလား၊ ဒါပေမဲ့ သူဟာ အပြစ်ပေးခံရမှာ ပဲ'

လို့ မကောင်းဆိုးဝါးကြီးက ပြောပါတယ်။

'ကျွန်တော် ဒါကို မယုံဘူး'လို့ ကတ်သီးကတ် ဖြဲ့နဲ့ ဖီးလစ်က ပြောပါတယ်။

'ဒီလိုဆို ငါနဲ့လိုက်ခဲ့'

www.burmeseclassic.com

www.burmeseclassic.com



လို့ မကောင်းဆိုးဝါးကြီးက ပြောပြီး တော့တင် ဟမ်ကုတ်လမ်းနားက ပျော်ပွဲရှင်ပွဲတစ်ခုကို ခေါ်သွားပါတယ်။ အဲဒီပွဲထဲမှာ ကမ္ဘာပေါ်ရှိ ကြောက်စရာ အကောင်းဆုံး ဒုက္ခရောက်နေကြသူတွေဟာ လောင်းကစားပွဲတွေ ကစားပြီး သူတို့ကိုယ်သူတို့ ရှင်းမြူးနေကြပါတယ်။ တချို့က ပါရီမြို့သူမြို့သားတွေရဲ့ ညဘဝ မြင်ကွင်းပြကွက်တွေကို စတီရီယိုစကုတ်ထဲကနေ ကြည့်နေကြပါတယ်။ တချို့က ခါးပိုက်နှိုက်နေကြပါတယ်။ မိန်းမတွေ သွားလေ့ရှိတဲ့နေရာတွေကို ကမ်းလှမ်းနေကြပါတယ်။ ညစ်ညမ်းရိုင်းစိုင်းတဲ့ ပြောဆိုမှုရဲ့ အမူအကျင့်တွေကို အရသာတွေ့နေကြပါတယ်။

မကောင်းဆိုးဝါးကြီးက သူ့အိမ်နောက်ဘက်မှာ စိုက်ပျိုးထားတဲ့ အပင်တွေလို သဘောထားပြီး ဘိန်းခင်းထဲလျှောက်သွားကြည့်ရသလို အားလုံးကို ကြည့်နေပါတယ်။ တံခါးစောင့်ကြီးက သူ့ရဲ့ဦးထုပ်ကို ကိုင်လိုက်ပါတယ်။ မကောင်းဆိုးဝါးကြီးက အလေးပြုတာကို အသိအမှတ်ပြုလိုက်ပါတယ်။ သော့ကို ယူပြီး



တံခါးဖွင့်သွားတော့ ဖီးလစ်ကို ဓာတ်လှေကားထဲ ဝင်နိုင်းပါတယ်။

သူတို့ ဓာတ်လှေကားထဲ ဝင်လိုက်ကြပြီးနောက်မှာ မိနစ်အနည်းငယ်အတွင်း မယုံနိုင်လောက်တဲ့ အရှိန်နဲ့ ဓာတ်လှေကားဟာ အောက်ကိုဆင်းသွားပါတယ်။

'မိတ်ဆွေကြီး'

လို့ ဖီးလစ်က ပြောပြီး စီးကရက်ကို ဖွာပါတယ်။ အဲဒီစီးကရက်ဟာ တကယ်တော့ မူးယစ်ဆေးဝါးပဲ ဖြစ်ပါတယ်။ အရေးကိစ္စတွေရဲ့ လူတစ်ယောက်ဖြစ်ရတာအပေါ်ကို သူက ထင်မြင်ချက်ပေးပါတယ်။

'မိတ်ဆွေကြီးရေ… ဒီနှုန်းနဲ့သာ ဆက်သွားနေရင် မကြာခင် ငရဲရောက်ကြတော့မယ်'

ဘာမှပိုပြီး အမှန်တကယ်ဖြစ်မလာပါ။ ဓာတ်လှေကား ရပ်သွားပါတယ်။ သူတို့ ထွက်ကြပါတယ်။ ကျယ်ဝန်းတဲ့ အခန်းကြီးထဲ သူတို့ ရောက်သွားပါတယ်။ ရောမဓာတ်ရုံကြီးရဲ့ အဝင်ပေါက်နဲ့ တူပါတယ်။ လက်မှတ်ပေါက် နှစ်ခု၊ သုံးခုလောက် ရှိပြီး ရုံဝင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရေးထားပါတယ်။ ဓာတ်ခုံနဲ့ အနီးဆုံး ထိုင်ခုံတန်း၊ သီးသန့်ပွဲကြည့်ခန်း၊ ပထမထပ်ပွဲကြည့်ဆောင် စတာတွေ ပြည့်ပါတယ်။ အရက်ရောင်းတဲ့ အခန်းတစ်ခန်းလည်း ရှိပါတယ်။ လူနီဖောင်းဝတ်ထားတဲ့ မကောင်းဆိုးဝါး တစ်ကောင်၊ နှစ်ကောင်ဟာ စားပွဲထိုးမလေးတွေနဲ့ စကားပြောနေကြပါတယ်။ အဲဒီမိန်းကလေးတွေထဲမှာ ဘွန်းလစ်းက ဆံပင်နက်နက် လူဖြူကောင်မလေးကို တွေ့လိုက်ရတော့ ကျွန်တော်တို့မိတ်ဆွေက အံ့အားသင့်သွားပါတယ်။

ကျယ်ဝန်းတဲ့ ဓာတ်ရုံကြီးရဲ့ တံခါးတစ်ခုဟာ မကြာခဏ ပွင့်လာပါတယ်။ တင်ဆက်နေတဲ့ ပြဇာတ်ဟာ ကောင်းပုံရပါတယ်။

'ဟိုဘက်မှာ ကတဲ့အခန်းရှိတယ်၊ ငါ မင်းကို ခေါ်သွားချင်တဲ့ အခန်းပဲ'

လို့ မကောင်းဆိုးဝါးကြီးက ပြောပါတယ်။

သူတို့အတွက် တံခါးပွင့်သွားပါတယ်။ အတော်အသင့်ကျယ်ဝန်းတဲ့ အခန်းထဲ သူတို့ ရောက်သွားကြ



ပါတယ်။ အခန်းကို ဂူနဲ့တူအောင် စီစဉ်ဖန်တီးထားပါတယ်။ ငှက်မွေးလို နူးညံ့တဲ့ အရွက်တွေရှိတဲ့ ပန်းပင်တွေနဲ့ ဖြစ်ပါတယ်။ ကျောက်တုံး၊ ကျောက်သားတွေလို အစီအရီပြုလုပ်ထားပါတယ်။ အစိုဓာတ်ရှိပြီး လေကလည်း အေးမြနေပါတယ်။ တီးဝိုင်းဟာ တီးမှုတ်ဖျော်ဖြေနေပါတယ်။ လူတွေဟာ နုံးနုံးချည့်ချည့်နဲ့ ကနေကြပါတယ်။ လူအတော်များများဟာ ဆိုးဆိုးဝါးဝါးဝနေကြတာကို ဖီးလစ် တွေ့ရှိရပါတယ်။

ပိန်ပါးပါး ဖြူရော်ရော် မိန်းကလေးတစ်ယောက်ကို မကောင်းဆိုးဝါးကြီးက ခေါ်လာပေးပါတယ်။ ပါးစပ်က ခပ်တိုးတိုးပြောလိုက်ပါသေးတယ်။ ဖီးလစ်က ဦးညွှတ်လိုက်ပြီး မိန်းကလေးကို လက်ကမ်းလိုက်ပါတယ်။ နောက်တော့ အခန်းထဲမှာ လှည့်ပတ်ကကြပါတယ်။

မိန်းကလေးဟာ အေးအေးဆေးဆေးပဲ ကပါတယ်။ သူမရဲ့ မျက်လွှာတွေကို ချထားပါတယ်။ ဖီးလစ်က မဖြစ်စလောက် အသေးအဖွဲ့ ဝေဖန်စကား တစ်ခွန်း၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခွန်း ပြောပါတယ်။

'မင်း ဒီကို လာတတ်သလား'

လို့ သူက မေးလိုက်တော့ မိန်းကလေးက ယဲ့ယဲ့ကလေး ပြုံးပါတယ်။ ဒါပေမဲ့ ပြန်မပြောပါ။

မိန်းကလေးက စိတ်မပါသလို နှုံးချည့်ချည့်ဖြစ်နေတာကို သူက စိတ်ကောက်သွားပါတယ်။ မိန်းကလေး ဘေးနားမှာ မကောင်းဆိုးဝါးကြီးရဲ့ စီးကရက်တစ်လိပ်ကို သူက သောက်ပါတယ်။

'မင်းလက်တွေ အေးလိုက်တာ'

လို့ သူကပြောပြီး ဖြည်းဖြည်းလေး ညှစ်လိုက်ပါတယ်။

မှချကောက်နဲ့ပဲ ဖြစ်ခဲ့ပါတယ်။ အဲဒီ မထုံတတ်သေးနိုင်လှတဲ့ တွဲကဖော်ကို သူက ထောင့်တစ်နေရာခေါ်သွားပါတယ်။ ကဖို့အတွက် လိုအပ်တာထက် ပိုပြီး သူမခါးကို သူက ခပ်တင်းတင်းဖက်လိုက်ပါတယ်။ သူ့အပေါ် အင်္ကျီလက်ထဲ အေးစိမ့်စိမ့်အစိုဓာတ်ကို သူ သိလိုက်ပါတယ်။



မမှားနိုင်တဲ့ မြစ်ကမ်းဘေးက ရွှံ့အနံ့အသက်ကိုလည်း သတိထားမိလာပါတယ်။ သူက သူမကို နီးနီးကပ်ကပ်ကြည့်လိုက်ပါတယ်။ သူမရဲ့ မျက်လုံးလေးတွေမှာ ပုလဲလုံးကလေးတွေကို မြင်တွေ့သိရှိလိုက်ရပါတော့တယ်။

'ငါ့ကို ခွင့်လွှတ်ပါ'

သူက ပြောလိုက်ပါတယ်။

'ကဲ... သူတို့ဘာသာ သူတို့ ရေနစ်သွားကြသူတွေဟာ ငရဲကျတာ အစဉ်ထာဝရပဲလို့ ခင်ဗျား မယုံကြည်နိုင်သေးဘူးလား'

လို့ သူက ပြောပါတယ်။

ဒီအချက်ကို ဖီးလစ် ဝန်ခံရပါတယ်။

'ဒီမိန်းကလေးဟာ ပျင်းရိငြီးငွေ့စရာကောင်းတာ မင်း မသိဘူး၊ ဒီမှာ သူရှိနေတာ နှစ် ၃၀ ပဲ ရှိသေးတယ်၊ ထာဝရတည်မြဲတဲ့ တမလွန်ဘဝနဲ့ နှိုင်းစရာဟာ ဘာလဲ'

ကရုဏာကြီးစွာနဲ့ မကောင်းဆိုးဝါးကြီးက ပြော

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

'သိပ်နည်းပါတယ်၊ အမှန်ပဲ သိပ်နည်းပါတယ်'

လို့ ဖီးလစ်က ပြောပါတယ်။

'တွဲကရတဲ့ ဘယ်လိုအဖော်မျိုးတွေ ဒီကောင်မလေး ရခဲ့တယ်ဆိုတာ သိပြီလား၊ တွဲကတဲ့အခါတိုင်း သူတို့က သူမကို ထုတ်ဖော်လှစ်ဟကြတယ်၊ သူကလည်း သူတို့ကို ထုတ်ဖော်လှစ်ဟပါတယ်၊ မင်းအတွက် ရတာက်မအေးစရာ ဖြစ်ရတဲ့ အဆင်မပြေမှုကလေးတွေပေါ့ကွာ'

လို့ မကောင်းဆိုးဝါးကြီးက ဆက်လက်ပြောပါတယ်။

'ကတဲ့အခန်းထဲမှာ ဘာဖြစ်လို့ သူတို့ရှိနေကြတာလဲ'

ဖီးလစ်က မေးပါတယ်။

'ဘာဖြစ်လို့ မရှိရမှာလဲ'

မကောင်းဆိုးဝါးကြီးက ပခုံးတွန့်လိုက်ပါ



တယ်။

'စီးကရက်တစ်လိပ် ယူပါဦး'

နောက်တော့ သူ့ရုံးခန်းကို သွားပြီး အဲဒီအကြောင်းတွေ ပြောကြဖို့ သူက ပြောပါတယ်။

'ကဲ... ဝက်စ်ဝစ်ရေ'

လို့ သူတို့ ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီးတဲ့အခါ သူက ပြောပါတယ်။

'ငါတို့ရဲ့ သဘောတူညီ စီစဉ်မှုလေးက ဘာဖြစ်မလဲ၊ အဲဒီဖြစ်ပွားပေါ်ပေါက်နေတာတွေအားလုံးကို ငါ အမြစ်ဖြတ်ချေမှုန်းနိုင်တယ်၊ ဒါဆိုရင် တံတားပေါ်က အကာအရံပေါ် မင်းကိုယ်မင်း ပြန်တွေ့ရလိမ့်မယ်၊ ခုန်ချခါနီး မင်းခြေသောက်ကို ငါလှမ်းဆွဲလိုက်သလိုပေါ့၊ အဲဒီနောက် မကြာခင်မှာပဲ ကကြတဲ့အခန်းလေးထဲ မင်းရောက်မယ်ဆိုတာ တွေ့ခဲ့ရတယ်၊ ဝတာနဲ့ ပိန်တာကတော့ ရေတွေရဲ့ အပြောင်းအလဲလွှယ်မှုအပေါ်မှာ မူတည်တယ်'

'ဒါဟာ ညပါ၊ တစ်နာရီမှာ မြစ်ဟာ လေးမိုင်

www.burmeseclassic.com

www.burmeseclassic.com



ပဲ စီးဆင်းပါတယ်၊ သတိမပြုမိဘဲ ကျွန်တော် ပင်လယ်ကို ရောက်သွားနိုင်ပါတယ်၊ ကျွန်တော်ဟာ ဝတဲ့လူတွေထဲက တစ်ယောက်ဖြစ်သွားပါလိမ့်မယ်'

'ဒါတွေ ငါကြားဖူးပါတယ်'

လို့ မကောင်းဆိုးဝါးကြီးက ပြုံးပြီး ပြောပါတယ်။

'ဆေးလိပ်ယူဦးမလား'

'မယူတော့ဘူး၊ ဘာရွေးချယ်စရာ နည်းလမ်းခင်ဗျားအကြံပြုမလဲ'

လို့ ဖီးလစ်က မေးပါတယ်။

'ငါတို့ရဲ့ သာမန်စံကန့်ထရိုက် ရှိပါတယ်'

လို့ မကောင်းဆိုးဝါးက ပြောပါတယ်။

'ဆေးလိပ်ယူပါ၊ ကြည့်ပါ၊ အကန့်အသတ်မရှိတဲ့ ဥစ္စာဓနေ၊ နှစ်ပေါင်း ၅၀၊ ထရှိုင်မြို့က ဟယ်လင်မင်းသမီး၊ ကဲ… ထားလိုက်ပါ၊ ခေတ်မရှိတော့ပါဘူး၊ ဆိုပါစို့၊ မ…'

လို့ နှစ်သက်စရာကောင်းတဲ့ ရုပ်ရှင်မင်းသမီး



တစ်ယောက်ရဲ့ အမည်ကို ပြောပါတယ်။

'ဟုတ်ပါတယ်၊ ကျွန်တော့်လိပ်ပြာရဲ့ ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ အကြောင်းရင်းလေး ရှိနေပါတယ်၊ ဒါဟာ အဓိကကျပါသလား'

လို့ ဖီးလစ်က ပြောပါတယ်။

'အင်းလေ… ဒါဟာ ထုံးစံပဲ၊ ရှိနေပါစေ၊ ဒါဟာ မင်း လက်မှတ်ထိုးတဲ့ နေရာပဲ'

'ဗျာ… ကျွန်တော် မသိဘူး၊ ကျွန်တော် လက်မှတ်ထိုးရမယ်လို့ မထင်ဘူး'

'ဘာကွ'

မကောင်းဆိုးဝါးကြီးက အော်လိုက်ပါတယ်။

ကျွန်တော်တို့ရဲ့ သူရဲကောင်းကတော့ သူ့ရဲ့ နှုတ်ခမ်းကို စုထားလိုက်ပါတယ်။

'ငါ မင်းကို ဩဇာမလွှမ်းချင်ဘူး ဝက်စ်ဝစ်၊ ဒါပေမဲ့ လုပ်ကြံရေးနှစ်သေသွားလို့ ဖြစ်လာမယ့် မနက်ဖြန်နဲ့ မွန်မြတ်ဂုဏ်ယူစရာ နှစ်ပေါင်း ၅၀ ဖြစ်လာမယ့် မနက်ဖြန်တို့ရဲ့ ကွာခြားမှုကို မင်း သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်ရမယ်၊ လူတွေထဲက လူတစ်ယောက်ဆိုတာ မင်းသိထားပါ၊ မင်းတွေ့တဲ့ အရက်ခန်းထဲက စားပွဲထိုးမလေးကို စကားပြောနေကြသူဟာ လူတွေထဲက လူတွေပဲ'

'ဒါပေမဲ့ ကျွန်တော် လက်မှတ်ထိုးရလိမ့်မယ်လို့ မထင်ပါဘူး၊ ကျေးဇူးတင်ပါတယ်ဗျာ'

လို့ ဖီးလစ်က ပြောလိုက်ပါတယ်။

'ကောင်းပြီ၊ ဒါဆို မင်း ပြန်သွားလေ'

လို့ မကောင်းဆိုးဝါးကြီးက ပြောပါတယ်။

အပူတပြင်း စိတ်အာရုံခံစားမှုကို ဖီးလစ်က သတိမူနေမိပါတယ်။ ခုံးပျံတစ်စင်းလို အပေါ်ဘက် ပစ်လွှတ်ခံလိုက်ရသလို ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စိတ်ရှိနေမှုကို ထိန်းပါတယ်။ သူ့ခြေဖျားပေါ်က သူ့အလေးချိန်ကို ထိန်းပါတယ်။ တံတားရဲ့ အရန်တံတားပေါ်ရောက်တော့ ခုန်ချလိုက်ပါတယ်။ ဒါပေမဲ့ မှန်ကန်တဲ့ဘက်ကိုသာ ဖြစ်ပါတယ်။

❐

# ခြေအိတ်ဖြူ

White Stocking — Edgar Wallace

www.burmeseclassic.com

www.burmeseclassic.com

ဝှုန်ထရီဗာဟာ အဘိဈ္ဈာပွားသူတစ်ယောက် မဟုတ်ပါ။ သူကိုယ်သူ အဲဒါကိုပြောတာ အကြိမ်ပေါင်း တစ်ဒါဇင် ရှိခဲ့ပါပြီ။

မာဂျိုရီဘင်းနင်းကိုတော့ တစ်ကြိမ်တစ်ခါပဲ ပြောခဲ့ပါတယ်။

'အဘိဈ္ဈာပွားတာ'

သူမ အံ့အားသင့်သွားပါတယ်။ နောက်တော့မှ…

'ကျွန်မ ကောင်းကောင်းနားမလည်ဘူး'

'အဘိဈ္ဈာပွားတယ်ဆိုတာ သုံးရတာ မိုက်မဲတဲ့ စကားလုံးပါပဲ'



ရုတ်တရက် ပြောလိုက်ပြီးမှ…

'ဒါပေမဲ့ ကျွန်တော်ပြောချင်တာက မသင်္ကာစရာ သံသယဖြစ်စရာပါ'

ပန်းခြံထဲက အရိပ်ကောင်းတဲ့ သစ်ပင်မြင့်မြင့်ကြီးတစ်ပင်အောက်မှာ သူတို့ ထိုင်နေကြပါတယ်။

'ကျွန်တော်ပြောချင်တာက မသင်္ကာစရာ သံသယဖြစ်စရာပါ'

ပန်းခြံထဲက အရိပ်ကောင်းတဲ့ သစ်ပင်မြင့်မြင့်ကြီးတစ်ပင်အောက်မှာ သူတို့ ထိုင်နေကြပါတယ်။

'ကျွန်တော်ပြောချင်တာက ကျွန်တော် ခင်ဗျားကို ယုံပါတယ်၊ ကဲ… ခင်ဗျားရဲ့ လျှို့ဝှက်ချက်ကို မသိချင်ပါဘူး၊ ဒါပေမဲ့ဗျာ…'

'ဘာ ဒါပေမဲ့လဲ'

အေးတိအေးစက်နဲ့ သူမက ပြောလိုက်ပါတယ်။

'ဟုတ်ကဲ့… အကောင်းစားကားကြီးနဲ့ ခင်ဗျား စီးသွားတာ သုံးခါတွေ့ဖူးတယ်လို့ပဲ ပြောပါတယ်'

'ဖောက်သည်ရဲ့ ကားပါ'

www.burmeseclassic.com

www.burmeseclassic.com



သူမက တိုးတိုးလေးပြောလိုက်ပါတယ်။

ဒါပေမဲ့ နေ့ခင်းတွေနဲ့ ညနေခင်းတွေ အားလုံးမှာ လူတွေ ဆံပင်ကို ဖြီးလိမ်းမပြင်ဆင်ကြပါဘူး၊ ကျွန်တော် ခင်ဗျားကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုရင် စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော် ခင်ဗျားကို တွေ့လိုက်တိုင်း နေ့ဘက်တွေ ဖြစ်နေတာတော့ အမှန်ပါပဲ၊ ညနေဘက်မှာ ကျွန်တော့်ဆီကို ခင်ဗျား မလာနိုင်ဘူးလို့ ပြောခဲ့တုန်းကပေါ့ဗျာ။

သူက သူမအတွက် အခက်အခဲများလွန်မြောက်အောင် လုပ်နေရပါတယ်။ သူမက မကျေနိုင် မချမ်းနိုင်ဖြစ်နေပါတယ်။ သူ့ရဲ့ သံသယတွေကိုသာ မဟုတ်ပါ။ သူ့ရဲ့ မျက်စိထဲမှာ သူမရဲ့ လှပ်ရှားမှုတွေဟာ မသက်သာစရာဖြစ်နေတဲ့ အသိတွေကိုပါ ဖြစ်ပါတယ်။ ဒါပေမဲ့ သူမက ဖြေရှင်းချက်ကိုတော့ မပေးပါ။

'အဲဒီထင်မြင်ချက်တွေကို ရှင့်ခေါင်းထဲ ဘယ်သူထည့်ပေးတာလဲ၊ လင်နော့မိန်းလား'

သူမက မေးလိုက်ပါတယ်။



'လင်နော့'

သူက ငေါ့လိုက်ပါတယ်။

'ရယ်စရာကောင်းလိုက်တာဗျာ၊ လင်နော့က ခင်ဗျားအကြောင်းပြောဖို့ အိပ်မက်တောင် မမက်ဘူး၊ ကျွန်တော့်အကြောင်းကိုရော ဘယ်သူ့အကြောင်းကိုမှ ပြောဖို့ စိတ်ကူးမရှိဘူးဗျ၊ လင်နော့က ခင်ဗျားကို ချစ်ခင်တယ်၊ ဘာဖြစ်လို့လဲဗျာ၊ လင်နော့က ကျွန်တော့်ကို ခင်ဗျားနဲ့ မိတ်ဆက်ပေးခဲ့တယ်လေ'

သူမက နှုတ်ခမ်းကို ကိုက်ပြီး စဉ်းစားနေပါတယ်။ လင်နော့က သူမကို ချစ်ခင်တယ်ဆိုတာ သိထားမှုအတွက် ထူးကဲတဲ့အကြောင်းတွေ သူမမှာ ရှိပါတယ်။ လင်နော့ဟာ ဆိုင်က မိန်းကလေးတွေနဲ့ တွေ့နိုင်ခွင့်တွေ အများကြီးရှိခဲ့ပါတယ်။

အနောက်ဖျားအမည်ရှိ ဆံသဆိုင်တစ်ဆိုင်မှာ သူမ အလုပ်ရခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်ကို သူမက မုန်းပါတယ်။ တော်တော်ပဲ မုန်းခဲ့ပါတယ်။ ယံ ဆရာဝန်တစ်ယောက်ဖြစ်တဲ့ သူမရဲ့အဖေဟာ လွန်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်အနည်းငယ်က ဆုံးသွားခဲ့ပါတယ်။ သူမနဲ့ သူမရဲ့ အမေကို ဆင်းဆင်းရဲရဲနဲ့ ထားပစ်ခဲ့ပါတယ်။ သူတို့ မိသားစုရဲ့ မိတ်ဆွေတစ်ယောက်က ဖင်းနက်တို့ စီးပွားရေးလုပ်ငန်းရဲ့ ပိုင်ရှင်နဲ့ သိပါတယ်။ အဘိုးကြီးဖင်းနက်ဟာ ကိုယ်ခွဲလက်ထောက်တစ်ယောက် လိုနေပါတယ်။ လင်နော့က အမျိုးသမီး ဆံသသမား အလိုရှိတယ်ပြောလို့ သူမက လာရောက်စုံစမ်းခဲ့ပါတယ်။ အကူလက်ထောက်ဘဝကနေ လုပ်ငန်းရဲ့ ပိုမိုလက်တွေ့ကျတဲ့ အခြင်းသဘောထားဘက်ကို ဖြတ်ကျော်ခဲ့ရပါတယ်။ အဘိုးကြီးကတော့ သူ့ရဲ့ အတတ်ပညာမှာ ဆရာတစ်ဆူဖြစ်ပါတယ်။ ဆိုးဆေးလေ့ကျင့်ဖွံ့ဖြိုးမှုရဲ့ လျှို့ဝှက်ဆန်းကြယ်မှုတွေကို စတင်သင်ပေးခဲ့ပါတယ်။

'ကျွန်မ ရှင့်ကို အနှောင့်အယှက်ဖြစ်စေခဲ့တာ တောင်းပန်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့လို ဆိုင်က မိန်းလေးတွေဟာ ကျွန်မတို့ အလုပ်ဝတ္တရားတွေ ရှိပါတယ်'

မပွင့်တပွင့်နဲ့ ပြောပြီး သူမက ထလိုက်ပါတယ်။



'ဘုရားသခင်အတွက်တော့ ခင်ဗျားကိုယ် ခင်ဗျား ဆိုင်က မိန်းကလေးလို့တော့ မခေါ်ပါနဲ့ဗျာ၊ ဟုတ်ပါတယ်၊ ခင်ဗျားရှင်းပြတာကိုပဲ ကျွန်တော် လုံးဝ လက်ခံပါတယ်၊ ဘာဖြစ်လို့ လျှို့ဝှက်ဆန်းကြယ်မှုဖြစ်နေတာလဲ'

သူက မာဆတ်ဆတ်နဲ့ ပြောလိုက်ပါတယ်။

ရုတ်တရက် သူ့ရဲ့လက်ကို သူမရဲ့လက်နဲ့ မသိမသာ ကိုင်လိုက်ပါတယ်။

'ပိုက်ဆံရလို့ပါ'

လို့ သူမက ပြုံးပြီးပြောပါတယ်။

'တစ်ခုခုသွားစားရအောင်ရှင်၊ ကျွန်မ ဆာနေတယ်'

စားသောက်ပြီးကြတော့ လင်နော့အကြောင်း သူတို့ ပြန်ပြောကြပါတယ်။

'ခင်ဗျား သူ့ကို မကြိုက်ဘူးဆိုတာ ကျွန်တော် သိပါတယ်'

လို့ သူက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ သူဟာ လူကောင်းတစ်ယောက်ပါ၊ နောက်ပြီး သူဟာ ကျွန်တော့်အဖို့ သိပ်အသုံးဝင်ပါတယ်၊ အသုံးကျတဲ့ မိတ်ဆွေတွေကို အဆုံးအရှုံးမခံနိုင်ဘူးဗျာ၊ ရက်ဘီမှာ ကျွန်တော်တို့ အတူနေခဲ့ကြပါတယ်၊ သူက ကျွန်တော့်ထက် တော်ပါတယ်၊ ကျွန်တော် ငွေကြေး ကျပ်တည်းနေတုန်းမှာ သူဟာ ချမ်းသာအောင် လုပ်နိုင်ခဲ့တယ်'

"ရှင်က ချစ်မြတ်နိုးရသူပါ ရှင်ရယ်၊ ဒါပေမဲ့ လင်နော့ ငွေရှာနိုင်သလိုတော့ ရှင်ရှာနိုင်မှာ မဟုတ်ဘူးထင်တယ်"

သူ့ရဲ့အသိဉာဏ်နဲ့ နေသူတစ်ယောက်အဖြစ် လန်ဒန်မှာလင်နော့ဟာ လူသိများထင်ရှားပါတယ်.."

"ဒါပေမယ့် သူ့ဦးလေးကတော့"

သူက စကားစလိုက်ပါတယ်။

"သူ့ဦးလေးက အရမ်းချမ်းသာတယ်၊ ဒါပေမယ့် လင်နော့ကိုတော့ မုန်းတယ်၊ လူတိုင်း ဒီလိုပဲ ပြောကြတာပဲ'



'ဒါ ခင်ဗျားမှားတာပဲ'

တက်တက်ကြွကြွ ပျော်ပျော်မြူးမြူးနဲ့ သူက ပြောလိုက်ပါတယ်။

'သူတို့ဟာ မကောင်းတဲ့ အပေါင်းအဖော်တွေ၊ ဒါပေမဲ့ အခုတော့ သူတို့ ပြေလည်သွားကြပါပြီ၊ မနေ့ညက ကျွန်တော် လင်နော့နဲ့ ညစာစားခဲ့တယ်၊ အဘိုးကြီးဟာ အခု အရင်းနှီးဆုံး ဖော်ရွေရဆုံး အဖော်အပေါင်းလို့ သူက ကျွန်တော့်ကို ပြောခဲ့တယ်၊ ကဲ... ပြီးတော့....'

သူက အသံကိုနှိမ့်ပြီး တိုးတိုးလေးပြောပါတယ်။

'ငွေကြေးချမ်းသာအောင် လုပ်တဲ့နည်းလမ်းထဲ သူက ကျွန်တော့်ကို ပို့ထားပါတယ်'

'လင်နော့ကလား'

အမျိုးသမီးက မယုံကြည်နိုင်လောက်အောင် ဖြစ်ပြီး မေးပါတယ်။

သူမနဲ့ လင်နော့မိန်းတို့ဟာ နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ သိတဲ့ မိတ်ဆွေတစ်ယောက်အိမ်မှာ တွေ့ဆုံခဲ့ကြပါတယ်။ သူမနဲ့ ဂျက်တို့ တွေ့ကြသလို ပန်းခြံထဲမှာလည်း သူတို့ ထပ်မံတွေ့ဆုံကြပါသေးတယ်။ သူမအတွက် အနာဂတ်တစ်ခုကို လင်နော့က ရှာဖွေတွေ့ရှိထားခဲ့ပါတယ်။ အဲဒီအနာဂတ်မှာ ရုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်နဲ့ သေချာတဲ့ စိတ်ပိုင်းဆိုင်ရာ အားနည်းချွတ်ယွင်းချက်ပြဿနာတွေ ရှိပါတယ်။ နောက်တော့ သူက သူမကို မြစ်တစ်ခုဆီ ခေါ်သွားခဲ့ပါတယ်။ ဂျက်ထရီဗာနဲ့ သူတို့ တွေ့ကြပါတယ်။ မှောင်လာတော့ ပန်းခြံဘက်ကို သူတို့ ပြန်လျှောက်သွားကြပါတယ်။ မာဘာယ်ဂိတ်ဝထဲကို သူတို့ ဝင်သွားကြပါတယ်။ ညစ်**ပတ်ပေကျံပြီး** မြင်းနဲ့တူတဲ့ လူငယ်လေးတစ်ယောက်ကို သူတို့ ဖြတ်ကျော်သွားပါတယ်။ သူ့ရဲ့ဦးထုပ် ဂျက်နဲ့ ထိသွားတော့ သူက ပြုံးပြပါတယ်။

'ဝီလီဂျင်းက ဘာလဲ'

အပြုံးတစ်ချက်နဲ့ ဂျက်က မေးလိုက်ပါတယ်။

'အရင်တုန်းကတော့ သူ့အဖေဟာ ကျွန်တော်



တို့ရဲ့ မြင်းထိန်းပဲ၊ သူ လန်ဒန်မှာ ဘာလုပ်နေလဲ မသိဘူး'

'သူက ဘာလဲ'

သိချင်လို့ သူမက မေးလိုက်ပါတယ်။

'သူက မြင်းတွေကို လေ့လာအကဲခတ်သူပဲ၊ ပြိုင်မြင်းတွေကို သူက ကြည့်ရှုလေ့လာရတယ်၊ ဝီလီက မြင်းတွေကို လေ့လာစောင့်ကြည့်ရာမှာ တော်တယ်'

'ဆန်းလိုက်တာ'

သူမက ပြောပြီး ရယ်ပါတယ်။

* * *

(၂)

နံရံပေါ်မှာ ကိုးရိုးကားရား ခြေပစ်လက်ပစ်နဲ့ ထိုင်နေသူဟာ တကယ်ပဲ ပုတ်သင်ညိုလို ထူးခြားတဲ့ စရိုက်လက္ခဏာရှိနေပါတယ်။ သူ့ရဲ့ ပြောက်ကျားအပေါ်အင်္ကျီစိမ်းနဲ့ သူ့ရဲ့ညစ်ပတ်မည်းမှောင်မှုတွေ မြင်းစီး

www.burmeseclassic.com

www.burmeseclassic.com



ဘောင်ဘီအစိမ်းနဲ့ ဒူးအောက်ဖုံးတွေဟာ ရှေးခေတ် အုတ်နံရံကြီးနဲ့အတူ အပေါ်ဘက်မှာ တွဲလောင်းကျနေတဲ့ သစ်ပင်တွေနဲ့ လုံးဝသဟဇာတဖြစ်နေလို့ လမ်းသွား လမ်းလာ ဆယ်ယောက်မှာ ကိုးယောက်က သတိမပြု မိကြပါ။ သူ့ရဲ့ စိတ်ချမ်းသာမှုကြောင့် ပျော်နေပါတယ်။ လမ်းသွားလမ်းလာတွေ မရှိကြပါ။ နေသာတဲ့ မေလ နံနက်ခင်း ၇ နာရီဖြစ်ပါတယ်။ ပွဲပွဲကျနေတဲ့ အင်္ကျီတော သရွတ်တွေပေါ် သူ့ရဲ့ တံတောင်ဆစ်ကို ထောက်ထား ရပါတယ်။ သူ့ရဲ့မျက်မှန်ဟာ သူ့မျက်စိနဲ့ ကပ်နေပါ တယ်။ အာရုံစိုက်ထားရလို့ သူ့မျက်နှာ ရှုံ့မဲ့နေပါတယ်။

မိနစ် ၂၀ ကြာ ဒီအတိုင်းပဲ သူနေပြီး စောင့် နေရပါတယ်။ ကားထဲက တုတ်တုတ်ခိုင်ခိုင်လူကြီးဟာ ခပ်လှမ်းလှမ်းမှာ ကားကို ထိုးဆိုက်လိုက်ပြီး စိတ်ရှည် လက်ရှည် သက်ပြင်းချလိုက်ပါတယ်။ စောင့်နေခဲ့တဲ့ လူ ဆင်းလာတာ ကြားရတော့ သူက လှည့်ကြည့်လိုက် ပါတယ်။

'ပြီးပြီလား'



သူက မေးလိုက်ပါတယ်။

'အေး'

ပြန်ပြောလိုက်ပါတယ်။

တုတ်တုတ်ခိုင်ခိုင်လူကြီးက သက်ပြင်းချလိုက် ပြန်ပြီး ရွာရှိရာကို မောင်းသွားပါတော့တယ်။

မကြာခင်မှာပဲ သူတို့ ဘောလ်ဒေါ့မြို့စွန်ကို ရောက်သွားတော့မှ ညစ်ပတ်ပေရေနေတဲ့ စောင့်ကြည့် နေခဲ့သူက စကားပြောပါတယ်။

'ယာမင် ခြေနာနေတယ်၊ ပြေးနေတုန်း လမ်း တစ်ဝက်မှာ ခြေနာသွားခဲ့တယ်၊ သူ နိုင်မှာ မဟုတ် တော့ဘူး'

ခပ်ဝဝလူက အသက်ပြင်းပြင်းရှူလိုက်ပါ တယ်။ သူတို့ဟာ ညီအစ်ကိုတွေဖြစ်ကြပါတယ်။ ဝီလီ က အငယ်ဖြစ်ပြီး ပေါလ်က အကြီးဖြစ်ပါတယ်။

ဘောလ်ဒေါ့စာတိုက်ရှေ့မှာ ကားရပ်လိုက်ပါ တယ်။ ဝီလီ ကားထဲက ထွက်လိုက်ပါတယ်။ လူသွား လမ်းကျယ်ကြီးပေါ်မှာ စဉ်းစားပြီး သူ ခဏလောက်

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေပါတယ်။ နောက်တော့ ကားပေါ်ပြန်တက်လိုက်ပါတယ်။

'ကားဝပ်ရှော့ကို သွားပြီး ခာတ်ဆီထည့်ရအောင်'

သူက ပြောပါတယ်။

'ဘာဖြစ်လို့လဲ'

အံ့အားသင့်နေတဲ့ အစ်ကိုက မေးလိုက်ပါတယ်။

'မင်း ကြေးနန်းရိုက်မယ်လို့ ငါထင်နေတာ'

'မင်းထင်တာ ကိစ္စမရှိဘူး'

လို့ သူက စိတ်မရှည်နိုင်ဘဲ ပြောလိုက်ပါတယ်။

'သွားပြီး ခာတ်ဆီဖြည့်၊ မင်း ငါ့ကို လန်ဒန်ပို့ရမှာ၊ နာရီဝက်လောက်အကြာမှာ စာတိုက်က ဖွင့်မှာမဟုတ်သေးဘူး'

စတီဗန်နေ့ချ်လမ်းကို ကားပြန်သွားတော့မှ ဝီလီ



က ရှင်းပြပါတယ်။

'ငါ ဒီကနေ ကြေးနန်းရိုက်လိုက်ရင် မိနစ်အနည်းငယ်အတွင်းမှာ တစ်မြို့လုံးကို ရောက်သွားမယ်၊ မစ္စတာမိန်း ငါ့ကို ခွင့်လွှတ်မှာ မဟုတ်ဘူး'

သိက္ခာကျစေနိုင်တာကို သူက ပြောပြပါတယ်။

မြင်းကို စောင့်ကြည့်တဲ့ ဝီလီဆိုသူရဲ့ အဓိကဝင်ငွေရရှိမှုဟာ လင်နော့မိန်းဆီက ဖြစ်ပါတယ်။ မစ္စတာဂျင်းရဲ့ အလုပ်အကိုင်ဟာ ထူးဆန်းပါတယ်။ သူဟာ အကဲခတ်ထင်မြင်လေ့လာသူလို့ ဆိုကြပါတယ်။ သူ့ရဲ့ ရုံးချုပ်ဟာ ညျူးမားကက်မှာ ရှိပါတယ်။

သူ့ရဲ့ အဓိကအားပေးသူ ဖောက်သည်ကြီးက သတင်းအချက်အလက် လိုအပ်တဲ့အခါ သူဟာ အဝေးကြီး ဝုစ်ရှိုင်းယားဒေါင်းတို့၊ အက်ပဆွန်တို့လို နေရာမျိုးတွေဆီကို သွားပြီး သေချာကောင်းမွန်တဲ့ မြင်းတွေရဲ့ ပထမတန်းစား ဗဟုသုတကို ရယူပါတယ်။

'ကုသိုလ်ကံပဲ' လို့ သူက သူ့ဘာသာသူ ဆွေးပြီး ကောက်ချက်ချပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီး ဂရေးမင်းရဲ့ မြင်းတွေကို အမွှန်းတင် ဆွယ်နိုင်တဲ့ သူဟာ အင်္ဂလန်မှာ တခြားလူ တစ်ယောက် ရှိမယ်မထင်ဘူး၊ လမ်းတစ်လျှောက် ကင်းလှည့်နေတဲ့ လူ ၆ ယောက်လောက် သူ့မှာ အမြဲလိုလို ရှိတယ်။

စတူးအတ်ဂရေးမင်းဟာ ကြီးမားကျယ်ဝန်းတဲ့ နယ်မြေကြီးတစ်ခုကို ပိုင်ပါတယ်။ လူတစ်ယောက် လုံးလုံးကွယ်လျှိုးနဲ့ သိုသိုသိပ်သိပ်လုပ်နိုင်အောင် အထူးအဆင်ပြေအောင် လုပ်ထားတဲ့ နေရာကြီးဖြစ်ပါတယ်။ အုတ်နံရံမြင့်ကြီး ဝိုင်းပတ်ကာရံထားတဲ့ ပန်းခြံကြီးဖြစ်ပါတယ်။ အထဲမှာ မြင်းတွေကို ထိန်းကျောင်းလေ့ကျင့်ပါတယ်။

အဘိုးကြီးဟာ ခေါင်းလောင်းသံကို ထိတ်လန့်ကြောက်ရွံ့စရာ ဖြစ်ပါတယ်။ မမျှော်လင့်တဲ့ အောင်နိုင်သူတွေကို သူက မွေးထုတ်ဖန်တီးပါတယ်။ ကျကျနန ထိန်းသိမ်းထားတာကတော့ သူ့ရဲ့လျှို့ဝှက်မှုပဲ ဖြစ်ပါတယ်။ အောင်နိုင်သူကို အရိပ်အယောင်တောင် မရဘဲ



မြင်းပွဲပြီးသွားတဲ့အခါ သူက ငွေတွေရယူသွားပါတယ်။

* * *

ခံ့ညားတဲ့ လန်ဒန်ပန်းခြံကြီးတစ်ခုမှာ ဖုန်တွေပေကျံနေတဲ့ ကားက ရပ်လိုက်ပါတယ်။ ဧည့်သည်တွေကို သူက မပြောလိုက်ခင်မှာ တံခါးလာဖွင့်ပေးသူ ဘဏ္ဍာစိုးက အချိန်အတန်ကြာ ချီတုံချတုံဖြစ်နေပါတယ်။

လင်နော့မိန်းက နံနက်စာ စားနေပါတယ်။ မသေမသပ်ဖြစ်နေတဲ့ မစ္စတာဂျုံးရဲ့ အမြင်မှာ ကြော့မော့တောက်ပြောင်နေတဲ့ လူငယ်လေးဟာ သူ့ရဲ့ ဘဏ္ဍာစိုးထက် နည်းနည်းကြောင်တောင်တောင် ဖြစ်နေပါတယ်။

'ထိုင်လေ'

တုံးတိတိနဲ့ သူက ပြောလိုက်ပါတယ်။ လာရောက်ကြသူတွေ ထိုင်လိုက်တော့ ဘဏ္ဍာစိုးက တံခါးကို ပိတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ဆိုကြပါဦး'

ဝီလီက သူ့ဇာတ်ကြောင်းကို ပြောပြပါတယ်။ လင်နော့မိန်းက စဉ်းစဉ်းစားစားနဲ့ နားထောင်နေပါတယ်။

'မကောင်းဆိုးဝါးကောင်ကြီး'

သူက တိုးတိုးလေး ပြောလိုက်ပါတယ်။

လင်နော့က ခဏလောက် ထိုင်ပြီး သေသေချာချာ တွေးနေပါတယ်။ ပြီးတော့...

'ကဲ... ဂျိမ်းရေ၊ ဒါဟာ လျှို့ဝှက်ချက်တစ်ခုဆိုတာ မင်းသိတယ်၊ ယာမင်ရဲ့ ခြေနာနေတဲ့ သတင်းလေသံတောင် မပေါက်ကြားစေနဲ့၊ ငါပြောမလို့၊ လွန်ခဲ့တဲ့ ၁၀ မိနစ်မှာ ငါ့ဦးလေး ဘောလ်ဒေါ်က ဖုန်းဆက်တယ်၊ သူ ယာမင်ကို စီးခဲ့ပြီး ကျန်းမာအောင်လုပ်ခဲ့တယ်'

'ဘာ'

စိတ်ဆိုးမာန်ဆိုးနဲ့ သူက ပြောလိုက်ပါတယ်။

'ဘာဖြစ်လို့လဲ၊ အဲဒီမြင်း ခြေနာနေတာပဲ'



'ဒါကို ငါသံသယမရှိဘူး'

လို့ သူ့ရဲ့အလုပ်ရှင်က ပြောလိုက်ပါတယ်။

'ယာမင် ကောင်းသွားပြီလို့ ထင်ရတဲ့ အကြောင်းတွေ ဂရေးမင်းမှာ ရှိပါတယ်၊ ဒါဘေးကို နိုင်ဖို့ အဲဒီမြင်းကို သူက အကြီးအကျယ် ထောက်ခံအားပေးခဲ့တယ်၊ သူ့ငွေတွေ စုဆောင်းဖို့ အချိန်လိုချင်နေတယ်၊ တခြား ဘယ်မြင်းတွေကရော ပြေးခဲ့ကြလဲ'

'သူ့မြင်းတွေကို ကျွန်တော် ကောင်းကောင်း မသိဘူး၊ ဒါပေမဲ့ မြင်းထီးလေးတစ်ကောင်ကတော့ အစအဆုံး ပြေးနိုင်ခဲ့တယ်၊ အကောင်းဆုံးမြင်းပါပဲ'

'ခြေဆာပြီး ရပ်သွားတာ ယာမင်လို့ မင်းသေချာသလား'

'ဟုတ်ကဲ့ပါ ခင်ဗျာ'

သူက ပြောလိုက်ပါတယ်။

'သူ့ခြေထောက်အဖြူဟာ မှားစရာမရှိပါဘူး၊ ခြေအိတ်အဖြူလေးခုနဲ့ မြင်းညိုကြီးတစ်ကောင်ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ် မဟုတ်လား'

'ဒုန်းစိုင်းရာမှာ အနိုင်ရသွားတဲ့ မြင်းက ဘယ်လိုမြင်းလဲ'

'တစ်ကိုယ်လုံး အညိုရှိတဲ့ မြင်းပဲ၊ အဖြူတစ်စက်တောင် မပါဘူး'

'အင်း'

မစ္စတာမိန်း ပြန်စဉ်းစားကြည့်လိုက်ပါတယ်။

'ဒါဟာ ဖယ်ရီလန်းဖြစ်ရမယ်၊ ငါ သူ့ကို မှတ်မိတယ်၊ မင်း အခုလို လာတဲ့အတွက် ကျေးဇူးပါကွာ'

ဧည့်သည်တွေကို ခေါင်းညိတ်ပြလိုက်ပြီး ပြန်နိုင်းရင်း သူက ပြောပါတယ်။

'အင်း... မှတ်မိပြီ'

'အဲဒီအကြောင်းကို လုံးဝမဟလိုက်နဲ့'

သူ့အလုပ်ရှင်က စားပွဲပေါ် တင်ပေးလိုက်တဲ့ ဘဏ်စက္ကူနှစ်ရွက်ကို ခေါက်နေရင်း ဝီလီက ပြောလိုက်ပါတယ်။



တစ်ယောက်တည်းရှိနေတဲ့ မစ္စတာလင်နော့မိန်းဟာ မြန်မြန်ဆန်ဆန် အစွမ်းကုန် တွေးနေပါတော့တယ်။ သူဟာ လောင်းကစားသမားတစ်ယောက် ဖြစ်ပါတယ်။ အောင်မြင်တဲ့ လောင်းကစားသမား တစ်ယောက်ပါ။ သိုလှောင်တဲ့ ကုန်ပစ္စည်းတွေကို သူ လောင်းကစားပါတယ်။ မြင်းလောင်းပါတယ်။ လူတွေနဲ့ အလောင်းအစားလုပ်ရာမှာ သူ အောင်မြင်ပါတယ်။ အဲဒါကြောင့် လူမှုဆက်ဆံရေး လွဲချော်မှုနှစ်ခုကို သူ ထားရှိပါတယ်။ သူလောင်းကစားလုပ်တာဟာ သည်းခံနိုင်ရည်ရှိမှုအပေါ်အတွက်သာ မဟုတ်ဘဲ သူ့အမေဘက်က တော်တဲ့ ဦးလေး စတူးအတ်ဂရေးမင်းရဲ့ နိမ့်ကျသိမ်ငယ်တဲ့ အသိဉာဏ်အတွက်ပါ ဖြစ်ပါတယ်။ အဲဒီ နှုတ်နည်းတဲ့လူက လျှို့ဝှက်ပြီး သူ့ကိုပေးပို့တဲ့ သတင်းအချက်အလက်ကို သူက အသုံးပြုခဲ့ပါတယ်။ နောက်တော့ ခပ်တန်းတန်းဖြစ်သွားတာ သူ တအံ့တဩသတိပြုမိလိုက်ပါတယ်။ အဲဒီလိုဖြစ်သွားတာ ငါးနှစ်ကြာခဲ့ပါတယ်။ တစ်နေ့တော့ နေ့လယ်စာ စားချိန်မှာ အဘိုးကြီးဂရေးမင်းဟာ သူ့ကိုတွေ့ပြီး ခွင့်လွှတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တော့မှ အဲဒီအဖြစ်ဟာ ပြီးသွားခဲ့ပါတယ်။

'မကောင်းဆိုးဝါးကြီး'

ပါးစပ်က ရေရွတ်လိုက်ပါတယ်။

'သူ ငါ့ကို ရောင်းတော့မယ်'

ယာမင်းကို ပြန်ယူဖို့ ယုံကြည်စိတ်ချစွာနဲ့ သူ့ကို အဘိုးကြီးဂရေးမင်းက ပြောခဲ့ပါသေးတယ်။

လင်နော့မိန်းဟာ ဘယ်သူ့ကိုမှ မယုံကြည်ပါ။ ဒါကြောင့် မြင်းနက်ကြီး ယာမင်းရဲ့ အံ့သြစရာ ပြေးနိုင်မှုအကြောင်း ချီးကျူးမှုတွေကို အတည်ပြုနိုင်ဖို့ သူ့ရဲ့ လှုယုံတော်ကို စုံစမ်းခိုင်းပါတယ်။ ယာမင်းဟာ နှစ်နှစ်သားမှာ နှစ်ကြိမ်ပဲ ပြေးခဲ့ပါတယ်။ သူ့ကို ဂရုတစိုက်နဲ့ ပြုစုပြီး မြေတောင်မြှောက်ပေးခဲ့ပါတယ်။ အဘိုးကြီး ပြောပြခဲ့တဲ့ အကြောင်းတွေဟာ ဖြစ်နိုင်ခြေရှိပါတယ်။ သူဦးလေး ယူလာခဲ့တဲ့ သတင်းအချက်အလက်အပေါ်မှာ လင်နော့ လောင်းကြေးတစ်ပြားမှ မကုန်တာ ကံကောင်းပါတယ်။ ဂရေးမင်းဟာ သူ့ရဲ့ ဆုံးရှုံးမှုတွေထဲက တစ်ကောင်ဖြစ်ရင် မာဂျိုရီဘင်းနင်းဟာလည်း တစ်ယောက်ဖြစ်မှာပါပဲ။ သူမကတော့ လွယ်မယ်လို့



ထင်ရပါတယ်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ သူက သူမကို တွေးနေတုန်းမှာ တယ်လီဖုန်းသံ မြည်လာပြီး ဝွန်ထရီဗာရဲ့ အသံက သူ့ကို နှုတ်ခွန်းဆက်သလာပါတယ်။ နာမည်ကြားလိုက်တော့ သူ့မျက်နှာ ရှုံ့မဲ့သွားပါတယ်။ ဒါပေမဲ့ သူ့အသံက မပျက်ပါ။

'ဟဲလို… ဂျက် အလည်လာတာလား၊ ဒီနေ့ အလုပ်မရှိဘူးလား၊ အင်း… အင်း…'

သူက ဖုန်းကိုချလိုက်ပြီး သူ့စားပွဲဆီ ပြန်သွားပါတယ်။ ဂျက်ထရီဗာ သူ့မျက်လုံးတွေ ကျဉ်းသွားပါတယ်။ ဒီအဖြစ်ကင်းတဲ့ သူ့ရဲ့သူငယ်ချင်းကို သူက ခွင့်မလွှတ်ခဲ့ပါ။ ဂျက်ဟာ မြို့က ရုံးတစ်ရုံးမှာ သင့်တင့်ကောင်းမွန်တဲ့ ရာထူးနေရာ ရရှိထားသူဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ ရာဘာအရောင်းအဝယ်လုပ်ငန်းက အင်္ဂလန်ရဲ့ ဆုတ်ယုတ်ပျက်စီးနေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

သူ့ခေတ်ဟာ သူ့အတွက် အများကြီးကောင်း

www.burmeseclassic.com

www.burmeseclassic.com



စားပါတယ်။ လင်နော့က သူ့ကို စာကြည့်ခန်းထဲမှာ လက်ခံတွေ့ဆုံပါတယ်။ သူ့ရဲ့ ဧည့်သည်ဘက်ကို စီးကရက်ငွေဘူးလေး တွန်းပေးလိုက်ပါတယ်။

'အနောက်မှာ ဘာဖြစ်နေလဲ'

သူက မေးလိုက်ပါတယ်။

'နေ့လယ်စာစားဖို့ နေဦးမှာလား'

ဂျက်က ခေါင်းယမ်းပါတယ်။

'အကြောင်းကတော့ဗျာ၊ ကျွန်တော် နည်းနည်း စိတ်ပူတယ်၊ လင်နော့ မာဂျိုရီနဲ့ပတ်သက်လို့'

'မာဂျိုရီ ဘာလုပ်နေလို့လဲ၊ သူက ခင်ဗျား ဆံပင်တွေကို ရွှေတွေ တလက်လက်တောက်အောင် ပြောင်းပစ်ချင်နေလို့လား'

သူက မေးလိုက်ပါတယ်။

'မဟုတ်ပါဘူး၊ ခင်ဗျား သူ့ကို သိပ်ချစ်ခင် မြတ်နိုးတာ ကျွန်တော်သိတယ်၊ သူ့မှာ ဆန်းကြယ် နက်နဲသိရခက်တဲ့ မိတ်ဆွေတစ်ယောက်ရှိနေပြီး အသိ ရခက်ခဲတဲ့အလုပ်လည်း ရှိနေတယ်၊ ကားကြီးတစ်စီး



နဲ့ လမ်းပေါ်မှာ ကျွန်တော့်ကိုဖြတ်ကျော်ပြီး သွားတာ လေးခါရှိပြီ'

'သူတစ်ယောက်တည်းလား'

ဂျက်က ခေါင်းညိတ်လိုက်ပါတယ်။

'သူ့ဖောက်သည်ဆီ သွားတာနဲ့ တူတယ်'

အရေးမထားသလို သူက ပြောလိုက်ပါတယ်။

'ဇိမ်ခံကားကြီးတွေ စီးနိုင်တဲ့ မိန်းမတွေဟာ သူတို့ကိစ္စရှိရာ သွားပါပေါ့'

'ကိစ္စရှိလို့သွားပေမယ့် သူသွားတာက ညနေ သုံးနာရီကနေ ည ၁၁ နာရီအထိဗျ၊ သူ့ကို စောင့်ကြည့် ရတာ မုန်းစရာကောင်းပေမယ့် ကျွန်တော် စောင့်ကြည့် ခဲ့မိပါတယ်၊ သူချမ်းသာနေပြီ၊ သူ့ဆိုင်ပိုင်ရှင်နဲ့ ကျွန်တော် စကားပြောခဲ့ရတယ်၊ မာဂျိုရီကို တွေ့ချင် လို့ လာချင်ယောင်ဆောင်ပြီး သွားခဲ့တာပါ၊ အဲဒီလို သွားပြီး စကားပြောခဲ့ရတာပါ၊ ပေါင်တစ်ရာတန် တစ်ရွက် သူမကို လဲပေးခဲ့ရတယ်လို့ ပြောတယ်'

'အင်း'

www.burmeseclassic.com

www.burmeseclassic.com



လင်နော့က ဆိုပါတယ်။ သူ့မိတ်ဆွေအနေနဲ့ သူနားမလည်နိုင်အောင် ဖြစ်သွားပါတယ်။ သွက်လက်ချက်ချာတဲ့ သူ့ရဲ့ ဦးနှောက်ဟာ အလုပ်ရှုပ်သွားပါတယ်။

'မပူပါနဲ့၊ မာဂျိုရီဟာ ဆတ်ကော့လတ်ကော့ မိန်းကလေး မဟုတ်ပါဘူး၊ သူဘာဖြစ်နေနေ ပူစရာမလိုပါဘူး၊ ခင်ဗျား သူ့ကို ဘယ်တော့ယူမှာလဲ'

လို့ သူက ပြောလိုက်ပါတယ်။

ဂျက်က ပခုံးကို တွန့်လိုက်ပါတယ်။

'ဘုရားပဲ သိမှာ၊ မိန်းမယူဖို့အကြောင်း ခင်ဗျားအတွက် ပြောရတာ သိပ်ကောင်းပါတယ်၊ ခင်ဗျားက ချမ်းသာတာကိုးဗျ၊ ကျွန်တော့်အတွက်တော့ နောက်ထပ် တစ်နှစ်လောက် ငွေစုရဦးမယ့်သဘောပါပဲ'

'မိန်းမယူဖို့ ခင်ဗျား ငွေကို သတ်မှတ်မထားဘူးလား'

လင်နော့က မေးပါတယ်။

'ပေါင်တစ်ထောင်ပါ၊ ပေါင်တစ်ထောင်ပြည့်ဖို့ ခြောက်ရာပဲ ရှိပါသေးတယ်'



လို့ ဂျက်က ပြောပါတယ်။

'ကဲ··· ကိုယ့်လူ၊ တစ်ထောင်မဟုတ်ဘူး။ တစ်သောင်းရနိုင်တဲ့ နည်းလမ်း ခင်ဗျားကို ပေးမယ်'

'ဘာတွေပြောနေတာလဲ'

'မြင်းမည်းကြီး ယာမင်းအကြောင်းကို ပြောနေတာဗျ၊ ကျွန်တော့်ဦးလေးမြင်းပါ၊ ခင်ဗျားကြီးပွားချမ်းသာဖို့ ကျွန်တော်လုပ်ပေးမယ်လို့ ဟိုနေ့က ပြောခဲ့သားပဲ၊ ကျွန်တော် လုပ်ပေးမှာပါ'

လို့ လင်နော့က ပြောပါတယ်။

သူက ထလိုက်ပြီး စားပွဲခုံကို သွားပါတယ်။ မနက်ပိုင်းသတင်းစာကို ယူကာ စာမျက်နှာကို လှန်လိုက်ပါတယ်။

'ဟောဒါ အလောင်းစားပဲဗျ၊ ယာမင်းကို လောင်းရင် လျှော်ငွေရမယ်။ ခင်ဗျားရဲ့ မိန်းကလေးကို ရသလိုပဲ ယာမင်းက ဒါဘီးကို နိုင်မှာသေချာတယ်၊ ဒီနေ့ ခင်ဗျားကို ကျွန်တော် တစ်သောင်းပေးနိုင်တယ်၊ မနက်ဖြန်စျေးကတော့ နည်းသွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အလိုလေး... ပေါင် ၆၀၀ ကျွန်တော် အရှုံး မခံနိုင်ပါဘူးဗျာ'

'စွန့်စားမှုဟာ မကြီးမားဘူးဆိုတာ သိရင် ဆိတ်လို ပွစိပွစိလုပ်မနေပါနဲ့ဗျာ၊ ခင်ဗျားဘဝတာမှာ အခွင့်ကောင်းတစ်ခုပဲဗျ၊ အရှုံးမဟုတ်ရင် မလွတ်သင့် ပါဘူး'

မြင်းတွေအကြောင်း နာရီဝက်လောက် သူက ပြောပြပါတယ်။ ယာမင်းအပြေးမြန်ကြောင်း၊ ဘယ်လို လေ့ကျင့်ပျိုးထောင်ထားကြောင်း သူက ပြောပါတယ်။ ဂျက်ကတော့ နားထောင်ပြီး စိတ်ဝင်စားသွားပါတယ်။

'ကျွန်တော် ဒိုင်ကို ဖုန်းဆက်ပြီး ခင်ဗျား အတွက် လောင်းလိုက်မယ်'

'နေဦး၊ နေဦး'

လင်နော့ ဖုန်းနားရောက်တော့ ဂျက်က ရုတ်တရက် ပြောလိုက်ပါတယ်။

'ငွေတွေအများကြီးကို အရဲစွန့်ရတာ ကြောက် စရာကောင်းတယ် လင်နော့ရာ'



'ကြောက်စရာကောင်းတဲ့ ငွေတွေ အများကြီး ရမှာဗျ'

လို့ လင်နော့က ဆိုပါတယ်။ သူ့မှာ အချိန်ပို ပြီး ရခဲ့ရင် အဲဒီအလောင်းအစားကို သူက စီစဉ်မှာဖြစ် ပြီး သူ့အိတ်ကပ်ထဲကို ပေါင် ၆၀၀ ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ မသေချာဘူး။ ဂျက်ထရီဗာဟာ ရုတ်တရက် မိသွားတာ ဖြစ်ပါတယ်။ သူစဉ်းစားဖို့ရော၊ အကြံဉာဏ်ယူဖို့ပါ အချိန်မရခဲ့ပါ။ ယာမင်း ခြေထောက် မသန်တာကိုလည်း သူမသိခဲ့ပါ။ လျှို့ဝှက်ချက်ဟာ အချိန်မရွေး ထွက်ပေါ်လာနိုင်ပါတယ်။ ငွေ ၆၀၀ ဆုံးရှုံး သွားတာ ဘာမှအကြောင်းမဟုတ်ပါ။ ဆံပင်အလုပ်ပြင် ဆိုင်က မိန်းကလေးနဲ့ လက်ထပ်ဖို့ကိစ္စကို မထိခိုက်ပါ။

'ကျွန်တော် ပေးလိုက်ပါ့မယ်'

ဂျက်က လင်နော့ကို လှမ်းဆွဲပြီး ပြောလိုက် ပါတယ်။ တည်ငြိမ်အေးဆေးတဲ့ သူ့အပေါင်းအဖော်ရဲ့ အသံကို အိပ်မက်ထဲ ကြားရသလို နားထောင်နေခဲ့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာဂျွန်ထရီဗာရဲ့ ငွေစာရင်းကို ထည့်ထားပါနော်၊ ဟုတ်ကဲ့ဗျာ၊ ကျွန်တော် တာဝန်ယူပါမယ်။ ကျေးဇူးတင်ပါတယ်'

သူက တယ်လီဖုန်းကို ချလိုက်ပြီး ပြုံးဖြီးဖြီးကြီး လုပ်ပြပါတယ်။

'ဝမ်းမြောက်ဂုဏ်ယူပါတယ်ဗျာ'

သူက တိုးတိုးလေး ပြောလိုက်ပါတယ်။ ဂျက်က မြို့ထဲ ပြန်သွားပါတယ်။ စိတ်တွေ ထွေပြီး ခေါင်းလည်း နောက်သွားပါတယ်။

မာဂျိုရီဘဝင်းနင်းက အဲဒီသတင်းကို ကြားသွားပြီး ပန်းခြံထဲက ခုံပေါ် ထိုင်ချလိုက်ပါတယ်။

'ရှင် ပိုက်ဆံတွေ အားလုံး မြင်းလောင်းလိုက်ပြီလား၊ အို… ဂျက်ရယ်'

သူမက ခပ်ပေါ့ပေါ့ပဲ မေးလိုက်ပါတယ်။

'ဒါပေမဲ့ကွာ… ငွေတွေက ငါ့ငွေတွေလိုပါပဲ၊ လင်နော့ပြောတာတွေ မှန်တယ်၊ အဲဒီမြင်းက လျော်ငွေကောင်းတယ်၊ မပူပါနဲ့ မာဂျိုရီ၊ မြင်းကို လင်



နော့မိန်းရဲ့ ဦးလေး ပိုင်တာ၊ သူ့ဦးလေးက နိုင်မှာ သေချာတယ်လို့ လင်နော့ကို ပြောခဲ့တယ်၊ ပေါင်တစ်သောင်းတဲ့ မာဂျိုရီရေ'

သူမက မယုံမကြည်နဲ့ နားထောင်နေပြီး စိတ်ပျက်လက်ပျက် ထိုင်နေပါတယ်။

* * *

အဲဒီအချိန်အတောအတွင်းမှာ သူမရဲ့ တုန်လှုပ်ချောက်ချားမှုတွေကို မစ္စတာလင်နော့မိန်းက ခံစားနေပါတယ်။ လောလောဆယ်ကိစ္စနဲ့တော့ သိပ်မဆိုင်ပါ။ ကြေးနန်းရိုက်ခေါ်လိုက်လို့ ညစ်ပေနေတဲ့ ဖိုဒ်ကားနဲ့ မစ္စတာဗီလီဂျင်း ရောက်လာပါတယ်။ သူ့အလုပ်ရှင်ရှေ့မှာ စိတ်မသက်မသာနဲ့ ပြောမယ့်စကားကို စောင့်ဆိုင်းနေပါတယ်။

'မင်းဟာ တော်တော်အသုံးမကျတဲ့ ကောင်ပဲ၊ မင်းကို ခေါ်ထားတာ ငါမှားတယ်'

လင်နော့မိန်း ဒေါသတကြီးနဲ့ ပြောလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

'မင်းအလုပ်ကို မင်း ဘာလုပ်နိုင်သလဲ၊ မင်း ငါနဲ့ အဆက်အသွယ်ရှိတာ ဘယ်သူမှမသိစေနဲ့လို့ ငါ မပြောခဲ့ဘူးလား၊ မင်းဟာ ပေါက်ကရလျှောက်ပြောတဲ့ ကောင်ပဲ၊ မင်းပြောခဲ့တယ် မဟုတ်လား'

'ဟင့်အင်း… ကျွန်တော် မပြောပါဘူး'

လို့ ဝီလီက ပြန်ပြောပါတယ်။

'မင်း ပြောခဲ့ပါတယ်ကွ၊ ကဲ… ဒါကို နားထောင်စမ်း'

လင်နော့က စားပွဲပေါ်က စာတစ်စောင်ကို ဆွဲယူလိုက်ပါတယ်။

'ဒါ ငါ့ဦးလေးဆီက စာကွ၊ နားထောင်စမ်း၊ ခွေးမသား'

'ငါပေးပို့တဲ့ သတင်းအချက်အလက်တွေကို မင်း ကျေနပ်မှုမရှိဘူးထင်တယ်၊ ငါ့လေ့ကျင့်မှုတွေကို မင်းက မင်းရဲ့လူလွှတ်ပြီး စောင့်ကြည့်ခိုင်းတယ်၊ ငါ့ရဲ့ နယ်မြေထဲမှာဖြစ်ဖြစ်၊ နယ်မြေအနီးမှာဖြစ်ဖြစ် နောက်



တစ်ခါထပ်တွေ့ရင် သူတစ်သက်မှာ မရဖူးခဲ့တဲ့ ကြိမ်ဒဏ်ကြီးကြီး ပေးခံရမယ်လို့ မစ္စတာဝီလီဂျင်းကို ပြောလိုက်ပါ'

'ကျွန်တော့်ကို ဘယ်သူမှ မတွေ့ပါဘူး၊ ကျွန်တော် အုတ်နံရံပေါ် ရှိတုန်းက ဘယ်သူမှ မရှိပါဘူး'

မစ္စတာဂျင်းက မကျေမနပ်နဲ့ပြောလိုက်ပါတယ်။

'မင်းကို ငါ ပိုက်ဆံမပေးတော့ဘူး၊ မင်း ရသင့်သလောက် ငါပေးခဲ့တယ်၊ ငါ့နားမလာနဲ့တော့'

လင်နော့က ပြောပစ်လိုက်ပါတယ်။

'ငါတို့ အခုဘယ်သွားကြမလဲ'

လို့ ကားပေါ်ပြန်ရောက်တော့ ဝီလီကို သူ့အစ်ကိုက မေးပါတယ်။ သူတို့ နဂိုရည်ရွယ်ချက်က အက်ပ်ဆွန်ကို သွားဖို့ဖြစ်ပါတယ်။ ယန်းခြံရှေ့ ဖြတ်သန်းပြီး ခပ်ဖြည်းဖြည်းသွားနေတဲ့ ကားတန်းကြီးထဲ သူတို့ကားက ဝင်လိုက်ပါတယ်။ စိတ်မချမ်းမသာနဲ့ ထိုင်နေတဲ့ ချစ်သူနှစ်ယောက်နားမှာ သူတို့ကားက ဓာတ်ဆီ

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြီး ခဏခဏရပ်သွားပါတယ်။

'ဘယ်လိုကားလဲ မသိဘူး'

လို့ အမျိုးသမီးက ပြောလိုက်ပါတယ်။

'မြင်းတွေ စောင့်ကြည့်သူလို့ ရှင်ပြောတဲ့ ဟိုနေ့က တွေ့ခဲ့တဲ့လူ မဟုတ်ဘူးလား'

'အေး… ဟုတ်တယ်၊ အဲဒီကောင်ပဲကွ၊ သူ ဘယ်လိုသိတာလဲ'

လို့ စိတ်ညှိုးငယ်စွာနဲ့ ဂျက်က ပြောလိုက်ပါတယ်။

သူက ထပြီး အဲဒီလူဆီ သွားလိုက်ပါတယ်။ ဝီလီက သူ့ရဲ့ဦးထုပ်ကို ကိုင်လိုက်ပါတယ်။

'မင်္ဂလာညနေခင်းပါ မစ္စတာထရီဗာ'

'ဘယ်သွားမလို့လဲ'

ဂျက်က မေးလိုက်ပါတယ်။

'ကျွန်တော် အက်ပ်ဆွန်ကို သွားပြီး ဒါဘေးပြေးတာ ကြည့်မလို့ပါ၊ မြင်းတော်တော်များများ အဲဒီမှာ ရောက်နေကြပြီ၊ ဒါပေမဲ့ ယာမင်းတော့ မပါဘူး'



စိတ်မကောင်းစွာနဲ့ သူက ပြုံးပြီးပြောလိုက်ပါတယ်။

'ဘာဖြစ်လို့လဲ'

ဂျက်က စိတ်မချမ်းမသာနဲ့ မေးလိုက်ပါတယ်။

'သူ့ကို မြင်းပွဲမှာ တွေ့ရတော့မှာ မဟုတ်ဘူး၊ အဲဒါကြောင့်ပါ'

သူက ပြန်ပြောလိုက်ပါတယ်။

'ဘာကို ဆိုလိုတာလဲ'

ဂျက်က မေးပါတယ်။

'သူ့ခြေထောက် ဆာနေတယ်'

လူငယ်လေးက ပြောပြလိုက်ပါတယ်။

'ခင်ဗျား သူ့ကို မလောင်းခဲ့ဘူး ထင်ပါတယ်'

ဂျက်က ခေါင်းညိတ်လိုက်ပါတယ်။

'လာလေ'

သူက ပြောပါတယ်။

'ဒါဟာ ကြားခဲ့ရတဲ့ သတင်းဆိုးပဲ၊ မာကျူလီ

www.burmeseclassic.com

www.burmeseclassic.com



ရေ… ယာမင်း ခြေထောက်ဆာနေတယ်လို့ ဂျင်းက ပြောတယ်'

'ဟုတ်ပါတယ်'

ဝီလီဂျင်းက ခေါင်းညိတ်လိုက်ပါတယ်။

'မစ္စတာဂရေးမင်းရဲ့ နောက်မြင်းအိုကြီးတစ်ကောင် ဂျုန်းကက်လိုပဲ ခြေနာပြီး ဆာနေပါတယ်''

'မြင်းတွေအကြောင်း ကျုပ် သိပ်မသိပါဘူး၊ ယာမင်းအကြောင်း ပြောပြပါဦး၊ သူ ခြေဆာနေတာ ဘယ်လောက်ကြာပြီလဲ'

ဂျက်က မေးလိုက်ပါတယ်။

'သုံးရက်ရှိပြီ၊ သူ့ကို ကျွန်တော် အမွန်းတင်ပြီး ဆွယ်ခဲ့တာ တစ်ပတ်ရှိပြီ၊ ပြေးတုန်း အကွေ့မှာ လဲကျသွားခဲ့တယ်'

'မစ္စတာဂရေးမင်း သိသလား'

'မစ္စတာဂရေးမင်းလား၊ သူသိတာပေါ့ဗျာ၊ လင်နော့မိန်းကို သူက အသိမပေးခဲ့ဘူး၊ ဒါပေမဲ့ လင်နော့မိန်းကို ကျွန်တော် ပြောပြခဲ့တယ်၊ ကျွန်တော့်ကို



သူက အများကြီးကျေးဇူးတင်ပြီး ငွေပေးခဲ့ပါတယ်'

'သူ့ကို ဘယ်တုန်းက ပြောခဲ့တာလဲ'

ဂျက်က မေးလိုက်ပါတယ်။ သူ့မျက်နှာမှာ သွေးမရှိတော့ပါ။

'ဟိုတမြန်နေ့ကပဲ'

'ဒါဆို လင်နော့မိန်း သိခဲ့တာပေါ့'

ဂျက် စိတ်ရှုပ်ထွေးသွားပါတယ်။

'မဖြစ်နိုင်ဘူး၊ လင်နော့က ဘယ်တော့မှ…'

'ရှင့်ကို ဒီမြင်းလောင်းဖို့ လင်နော့မိန်းက ဆွယ်ခဲ့တာလား'

လို့ မိန်းကလေးက မေးလိုက်ပါတယ်။

ဂျက် ခေါင်းညိတ်လိုက်ပါတယ်။

'ယာမင်းခြေထောက်ဆာသွားတာ တကယ်ပဲလား'

'ကျိန်ပြောရဲပါတယ်ဗျာ… ယာမင်းကို ကျွန်တော် ကောင်းကောင်းသိပါတယ်၊ ဘောဇယ်အော့ မြင်းဇောင်းထဲမှာ သူတစ်ကောင်ပဲ ခြေအိတ်ဖြူလေးနဲ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတာပါဗျာ’

ကောင်လေးက အတိအကျ ပြောပြလိုက်ပါတယ်။

‘ဘောလ်ဒေါ်၊ ဟုတ်လား၊ ဘောလ်ဒေါ်လို့ ပြောလိုက်တာလား’

အမျိုးသမီးက သက်ဝင်လှုပ်ရှားလာပါတယ်။

‘ဟုတ်ပါတယ် အစ်မကြီး’

‘အဲဒီမှာ ဘယ်သူနေတာလဲ’

သူမက ခပ်သွက်သွက်ပဲ မေးလိုက်ပါတယ်။

‘ဂရေးမင်းပါ’

‘သူက ဘယ်လိုလူမျိုးလဲ’

‘အသက် ၆၀ လောက်ရှိတဲ့ အဘိုးကြီးပါ၊ ဆံပင်ခပ်ဖြူဖြူနဲ့ သိပ်ခက်ထန်ပါတယ်’

အဲဒီကောင်လေး ထွက်သွားတော့ သူမဟာ အချိန်အတော်ကြာ ငြိမ်နေပါတယ်။ နောက်တော့ မျှော်လင့်ရဘဲ . . . .

‘ဒါဘေးကို သွားကြည့်ရအောင်လား’



လို့ သူမက ပြောပါတယ်။

‘ကောင်းတယ်၊ စိတ်ဝင်စားလိမ့်မယ်လို့ မထင်ခဲ့မိဘူး’

သူက ပြောပါတယ်။

‘လိုက်ပို့မလား၊ တစ်နေ့လောက် ရှင့်ကားငှားနိုင်ပါတယ်၊ မြင်းပွဲကို အပေါ်က ကျွန်မတို့ ကြည့်ကြမယ်လေ၊ လိုက်ပို့မလား’

သူ ခေါင်းညိတ်လိုက်ပါတယ်။ စကားပြောဖို့ မှင်တက်မိနေပါတယ်။ သူမဟာ အရင်က မြင်းပွဲကို နည်းနည်းလေးမျှ စိတ်ဝင်စားခဲ့ပုံ မပြခဲ့ပါ။

* * *

## (၃)

မြင်းမည်းကြီး ယာမင်းရဲ့ မသန်မစွမ်း ချည့်နဲ့မှုသတင်းဟာ တစ်စတစ်စနဲ့ ထွက်ပေါ်လာရမှာ ဖြစ်ပါတယ်။ မနက်ခင်းမြင်းပွဲမှာ အဲဒီမြင်းဟာ ပြိုင်မယ့် မြင်းတွေထဲမှာ ပါရှိနေပါတယ်။ သတင်းစာ အာဘော်

www.burmeseclassic.com

www.burmeseclassic.com



မှာ မတော်တဆထိခိုက်မှုအကြောင်း အရိပ်အမြွက် ပေါ်လာပါတယ်။

မာဂျိုရီဟာ မြင်းပွဲကို တစ်ခါမျှ မရောက်ဖူးခဲ့ပါ။ အထက်တန်းကျတဲ့ မြင်းပွဲဟာ သူမကို အံ့မခန်းဖြစ်စေပါတယ်။ ဒါပေမဲ့ အက်ပ်ဆွန်ကတော့ မထင်မှတ်တာတွေကို မျက်စိဖွင့်ပေးလိုက်ပါတယ်။

'သတင်းတွေကတော့ မျိုးစုံပဲ'

သူကြားသိရတာတွေဆီက ပြန်လာပြီး ဂျက်က ပြောလိုက်ပါတယ်။

'ယာမင်း မပြေးဘူးလို့ ပြောကြတယ်၊ သတင်းစာတွေမှာ ပါတော့မယ်တဲ့၊ သိပ်စိုးရိမ်ထိတ်လန့်တာပဲကွာ၊ ငါမိုက်တာပဲ'

သူမဟာ ကားခေါင်မိုးပေါ်မှာ ရပ်နေရင်း ငုံ့ကိုင်းပြီး သူ့ရဲ့လက်ကို လှမ်းဆွဲယူလိုက်ပါတယ်။ ကားထဲမှာ ငွေတွေ တွေ့လိုက်တော့ သူ အံ့ဩသွားပါတယ်။

'ဒါ ဘာလဲ၊ ဘဏ်ထုတ်လား၊ မြင်းပွဲလောင်းမလို့လား'



သူမက ခေါင်းညိတ်လိုက်ပါတယ်။

'ကျွန်မအတွက် ကျွန်မ လောင်းချင်လို့ပါ'

သူမက ပြောပါတယ်။

'ဘာကိုလောင်းမှာလဲ'

'ယာမင်းကိုပါ'

သူမက ပြန်ပြောပါတယ်။

'ယာမင်းကို'

သူ့ပါးစပ်က ရေရွတ်လိုက်ပြီး မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပါတယ်။ နောက်တော့ ငွေတွေကို သူက ကြည့်လိုက်ပါတယ်။ ပေါင်တစ်ရာဖြစ်ပါတယ်။

'မလုပ်ရဘူး'

'လုပ်ပါရစေ'

သူမက မရမက အတင်းပြောနေပါတယ်။

ယာမင်း ပြေးမယ်ဆိုတာ အဲဒီမိနစ်ကလေးလောက် ဘယ်သူမှ ကောင်းကောင်းမသိကြပါ။ ပထမ အကြိုစီတန်းလှည့်လည် လျှောက်ပြတုန်းက အပြာနု

www.burmeseclassic.com

www.burmeseclassic.com



ရောင် အပေါ်အင်္ကျီကို သူမ ကြည့်မြင်မိပါတယ်။ ပန်းတိုင်ရှိရာ ပြေးသွားတော့ မင်ဒါရင်းသားရဲ့ လူသိများတဲ့ ခြေစွပ်ရှည်ဖြူဖြူတွေကို သူမက မြင်လိုက်မိပါတယ်။ မှန်ဘီလူးကို ကိုင်ထားရလို့ သူမ လက်ညောင်းညာနေပါတယ်။ တာထွက်ကြိုး မလိုက်တဲ့အထိ မှန်ဘီလူးကို အပြာနုရောင် အပေါ်အင်္ကျီဆီကနေ မဖယ်ခဲ့ပါ။

အဲဒီ အပြာနုရောင် အပေါ်အင်္ကျီနဲ့ မြင်းဟာ တောင်ကုန်းပေါ် တက်တော့ တတိယရပါတယ်။ ခြေညီပေါ် မီးရထားလမ်းအချိုးအကွေ့မှာ စတုတ္ထရပါတယ်။ ကွင်းကျယ်ကြီးကို လှည့်ပတ်ပြေးကြတော့ တတိယ ရပြန်ပါတယ်။ နောက်တော့ မြင်းပွဲဒိုင်နားက ကျယ်လောင်တဲ့အသံတစ်သံ ပေါ်ထွက်လာပါတယ်။

'ယာမင်းကို ကြိုက်တာ အလကားမဟုတ်ဘူးကွ'

မြင်းမည်းကြီး ယာမင်း ရှေ့က ဦးဆောင်ပြေးပြီး နိုင်သွားပါတယ်။

* * *



'ဒီအဖြစ်တွေ ဘယ်လိုစရမယ်ဆိုတာ မသိပါဘူး'

သူမက အဲဒီညမှာ ပြောပါတယ်။ သူတို့ ညစာအတူစားနေကြပါတယ်။ မာဂျိုရီက အိမ်ရှင်မ ဖြစ်ပါတယ်။

'တကယ်စတင်ခဲ့တာ လွန်ခဲ့တဲ့တစ်လလောက်ကပါ၊ အဘိုးကြီးက ဆိုင်ထဲဝင်လာတော့ ပိုင်ရှင် မစ္စတာဖင်းနက်ကို တွေ့ခဲ့ပါတယ်၊ သူတို့နှစ်ယောက် တွေ့ကြတော့ ၁၀ မိနစ်လောက် ကြာတယ်၊ နောက်တော့ ကျွန်မကို သီးသန့်ရုံးခန်းထဲ လာခိုင်းပါတယ်'

'အဲဒီလူကြီးမှာ အထူးလုပ်ငန်းတာဝန်တစ်ရပ်ရှိကြောင်း၊ ဆေးဆိုးတဲ့အလုပ်ကို ကျွမ်းကျွမ်းကျင်ကျင်တာဝန်ယူနိုင်သူတစ်ယောက် လိုချင်ကြောင်း မစ္စတာဖင်းနက်က ပြောပါတယ်။ နောက်အပတ်ကျတော့ သူကား ရောက်လာပြီး ကျွန်မကို ဘတ်လော့ခေါ်သွားတဲ့အထိ ကျွန်မ ဘာမှတိတိကျကျမသိသေးပါ'

'သူက ကျွန်မမှာ အရောင်ချွတ်ဆေးနဲ့ ဆိုးဆေး

www.burmeseclassic.com

www.burmeseclassic.com



တွေ ပါသလားလို့ မေးပါတယ်၊ ကျွန်မက ပါတယ်လို့ ပြောလိုက်တော့ သူ့လျှို့ဝှက်ချက်ကို ပြောပြပါတယ်၊ သူဟာ မြင်းရဲ့အရောင်တွေနဲ့ပတ်သက်ပြီး ဇီဇာကြောင်တယ်လို့ သူက ပြောပါတယ်၊ သူ့မှာ ခြေထောက်ဖြူဖြူတွေရှိတဲ့ ထူးထူးဆန်းဆန်း မြင်းတစ်ကောင်ရှိပါတယ်၊ သူက ခြေထောက်ဖြူဖြူတွေကို မကြိုက်ပါ၊ သူက အညိုရောင်ဆေးဆိုးပေးဖို့ ကျွန်မကို ခိုင်းပါတယ်'

'ဝထမတော့ ကျွန်မ ရယ်မိပါတယ်၊ တကယ်ရယ်စရာကောင်းပါတယ်၊ သူက သိပ်ပြီး အလေးအနက်ထားပါတယ်၊ ကျွန်မကို အဲဒီမြင်းလှလှကြီးနဲ့ မိတ်ဆက်ပေးပါတယ်'

'ခြေထောက်တွေကို ဆေးအညိုတွေ ဆိုးပေးခဲ့သလား'

သူမက ခေါင်းညိတ်ပါတယ်။

'ဒါနဲ့တင် မပြီးသေးဘူး၊ ခြေထောက်မှာ အရောင်ချွတ်ပေးရမယ့် နောက်မြင်းတစ်ကောင် ရှိသေးတယ်၊ သူက မြင်းတွေကို ထပ်ပြီးဆေးမဆိုးဘူးဆိုရင် အမြဲလိုလို မြင်းတွေကို အရောင်ချွတ်တတ်ပါတယ်၊ အဲဒီတုန်းက မသိခဲ့ပေမယ့် ကျွန်မ အခုသိတာကတော့ ဂျန်းကက်လို့ခေါ်တဲ့ မြင်းပါပဲ၊ ရက်အနည်းငယ်ကြာတိုင်း ကျွန်မ ဘက်ဒေါ့ကို သွားရပါတယ်၊ ဆေးဆိုးပေးရပါတယ်၊ အရောင်ချွတ်ပေးရပါတယ်၊ မစ္စတာဂရေးမင်းက မစ္စတာဖင်းနက်နဲ့ သတ်မှတ်ချက်တစ်ခု နားလည်မှုယူထားကြပါတယ်၊ ကျွန်မရဲ့အလုပ်ကို လျှို့ဝှက်ထားပြီး ဘယ်သူ့မှ မသိစေရဘူး၊ ရှင့်ကိုတောင် အသိမပေးရဘူး'

'ဒါကြောင့် မင်းကို ကားထဲမှာ ခဏခဏ တွေ့တွေ့နေတာကိုး'

'လှပတဲ့ ကျွန်မရဲ့ ဖောက်သည်နှစ်ယောက်ကို ဆေးဆိုး၊ အရောင်ချွတ် လုပ်ပေးဖို့ ဘက်ဒေါ့ကို သွားသွားနေတာပါ'

သူမက ရယ်ပါသည်။

'ပြိုင်မြင်းတွေအကြောင်း ကျွန်မက နားမလည်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျွန်မ ဆေးဆိုးပေးခဲ့တဲ့ မြင်းဟာ ယာမင်းလို့ ကျွန်မ လုံးဝမသိခဲ့ဘူး၊ ဘက်ဒေါ်ဆိုတဲ့ စကားကို ဝီလီ ဂျင်းပြောတဲ့အထိ မြင်းဈောင်းနဲ့ အဆက်အသွယ်မရှိ ပါဘူး'

'ရှင့်ကိုထားခဲ့ပြီး မနက်က ဘက်ဒေါ်ကို သွား ပြီး ဆေးဆိုးထားတာကို ဖျက်ပေးဖို့ ချိန်းဆိုထားခဲ့တာ ဖြစ်ပါတယ်၊ သူစိတ်ပြောင်းသွားပြီး အဲဒီမြင်းကို ခြေထောက်အဖြူတွေပဲ ထားရှိချင်တယ်လို့ မစ္စတာ ဂရေးမင်းက ကျွန်မကို ပြောပါတယ်၊ ကျွန်မလည်း သူ့ကို စကားပြောဖို့ ဆုံးဖြတ်လိုက်ပြီး ရှင် ဘယ်လို အခြေအနေရှိတယ်ဆိုတာ သူ့ကို ပြောပြလိုက်ပါတယ်။

'သူက အမှန်ကိုပြောပြပြီး လျှို့ဝှက်ချက်ကို ပြောပြပါတယ်၊ သူက လင်နော့နဲ့ ပြန်ပြေလည်သွား ပြီး ယာမင်းအကြောင်း လင်နော့ကို ပြောပြပါတယ်၊ လင်နော့က သူ့ကို မယုံကြည်ဘူးဆိုတာ သူသိရတယ်၊ လင်နော့က သူ့ရဲ့မြင်းတွေကို စောင့်ကြည့်နေခဲ့ပါတယ်၊ သူ စိတ်ဆိုးသွားပါတယ်၊ သူတို့ရဲ့ စောင့်ကြည့်ခိုင်းတာ



သူ့ကို လှည့်စားချင်လို့ သူက အဲဒီမြင်းရဲ့ ခြေထောက် တွေကို ဆေးဆိုးခဲ့ပါတယ်၊ အရောင်ချွတ်ထားတဲ့ ခြေ ထောက်တွေရှိတဲ့ ဂျုန်းကက်ကိုပဲ တွေ့စေခဲ့ပါတယ်၊ ဒီမြင်းက ကျုန်းမာရေး ယိုယွင်းနေပါတယ်၊ ယာမင်းကို သူ လောင်းထားတယ်လို့ သူက ပြောပါတယ်၊ ငွေ အမြောက်အမြား အနိုင်ရမယ်လို့ သူက သိနေပါတယ်'

'ဒါကြောင့် အက်ပ်ဆွန်ဒေါင်းက လူတွေက ယာမင်းနိုင်မယ်ဆိုတာ သိနေကြတာကိုး'

'ကျွန်မ ယာမင်းကို မလောင်းခဲ့ဘူးလား'

လို့ မြင်းခြေထောက်တွေကို ဆေးဆိုးပေးခဲ့သူ က မေးလိုက်ပါလေတော့တယ်။

❒

www.burmeseclassic.com

www.burmeseclassic.com

# ထွက်ခွာခြင်း

**The Departure** **Selma Robinson**

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်က စိတ်ပူပန်စိုးရိမ်နေပါတယ်။ သူမက သူ့ကို စကားပြောလိုက်တော့ သူက သူ့ခေါင်းကို ယမ်းပါတယ်။

'စကြဲပေါ်က လူကို ခင်ဗျား သိတယ်လို့ ထင်ရင် ဘာဖြစ်လို့ သူ့ကိုစကားမပြောခဲ့တာလဲ'

သူက မေးလိုက်ပါတယ်။

နိုရာက ဇီဇဝါပန်းပွင့်ပါတဲ့ သူမရဲ့ တွီဒ်ထည် ဝတ်စုံ ဝတ်ထားပြီး စိတ်ကသိကအောက်နဲ့ ထိုင်နေပါတယ်။ မကြာသေးခင်ကပဲ သူ့ကို အဖြစ်အပျက်တွေ အကုန်လုံး သူမက ရှင်းပြခဲ့ပါသေးတယ်။

'ကျွန်မ သူ့ကို ပြောချင်ပါတယ်၊ ဒါပေမဲ့



ကြောက်လို့ပါ'

လို့ ငြိမ်းငွေ့စရာကောင်းအောင် ပြောပါတယ်။

'နောက်ပြီး သူ့ကို ပြောမယ်လို့ စိတ်ဆုံးဖြတ်လိုက်တော့ ကျွန်မဟာ ရထားပေါ်မှာ ဖြစ်နေပါတော့တယ်၊ သူက စကြဲပေါ်မှာ ကျန်ခဲ့တယ်၊ သူက ကျွန်မကို တစ်ခုခု ပြောလိုက်ပါတယ်။ ဒါပေမဲ့ မကြားလိုက်ဘူး'

ဆရာဝန်က သူ့ခေါင်းကို ရမ်းပြန်ပါတယ်။

'စကြဲပေါ်မှာ ဘယ်သူမှမရှိဘူး၊ ခင်ဗျားရဲ့ နှာမကျန်းမှုတွေပါပဲ၊ ခင်ဗျားရဲ့ ဒုက္ခပဲ၊ အဲဒီလူဟာ ခင်ဗျားရဲ့ စိတ်ထဲမှာပဲ ရှိနေတာ၊ ခင်ဗျားရဲ့ချစ်သူကို စကြဲပေါ်မှာ တွေ့ခဲ့ပြီး သူ့ဆီက တစ်ခုခု ခင်ဗျား ကြားရတယ်လို့ ခင်ဗျား ထင်နေတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ အာသာရယ်၊ ဒါတွေအားလုံးဟာ ခင်ဗျားရဲ့ စိတ်နှာမကျန်းမှုတွေပါပဲ၊ ကျွန်တော့်ကို ယုံပါ၊ ခင်ဗျား လိုရောဂါမျိုး အများကြီးတွေ့ခဲ့ဖူးပါတယ်၊ နောက် သုံး၊ လေးလကြာပြီး ခင်ဗျား နေကောင်းသွားတဲ့အခါ ကျွန်တော် ပြောတာ မှန်တာ ခင်ဗျားသိလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမက စိတ်ဓာတ်ကျတဲ့ သက်ပြင်းရှည်ကြီး ချလိုက်ပြီး လွန်ခဲ့တဲ့နာရီပိုင်းက ဖြစ်ပျက်ခဲ့တာတွေကို အကုန်လုံး သိရှိနိုင်ဖို့ ကြိုးစားနေပါတယ်။ ဖြည်းဖြည်း အေးအေး ကျကျနန သူမက ပြောပါတယ်။

'ဆရာ နားလည်ပုံမရဘူး၊ ကျွန်မ ဘာမှစိတ်မကူးပါဘူး၊ သူ့ကို တွေ့ခဲ့ပါတယ်၊ သူ့မျက်နှာကို ကျွန်မ သိပါတယ်၊ သူ့ဟန်ပန်အမူအရာကို ကျွန်မ သိပါတယ်၊ အဲဒီနေ့ဟာ ကျွန်မတို့ မင်္ဂလာဆောင်မယ့် နေ့ဆိုတာ မှတ်မိမယ်ထင်ပါတယ်၊ ကျွန်မ စကြံပေါ်စပြီး ရောက်တော့ အဲဒီမှာ သူ မရှိဘူး၊ ကျွန်မ ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြီး ရထားကို စောင့်နေပါတယ်၊ နောက်တော့မှ ရုတ်တရက် သူ့ကို တွေ့ပါတယ်၊ သူက ထိုင်နေပါတယ်၊ သူ့ အိတ်တွေ ထုပ်ပိုးထားပြီး သူ့ခြေထောက်ဘေးမှာ ချထားပါတယ်၊ ကျွန်မ လမ်းလျှောက်ပြီး ပြန်အလှည့်မှာ သူ ရောက်လာခဲ့တာ ဖြစ်မယ်'

'ကျွန်တော် သိပါတယ်၊ သိပါတယ်'



လို့ ဆရာဝန် ဝါလ်ဒရွန်က ကရုဏာနဲ့ ပြောလိုက်ပါတယ်။

'ဒါ ကျွန်တော့်ကို ပြောခဲ့တာ သုံးခါရှိပြီ၊ သူ့ရဲ့ မျက်လုံးတွေထဲမှာ ဆန်းကြယ်ပြီး မယဉ်ကျေးတဲ့အသွင်တွေကို တွေ့လိုက်ရလို့ ခင်ဗျား ကြောက်ရွံ့သွားခဲ့တယ်၊ သူ့ကို ခင်ဗျား စကားပြောနိုင်ဖို့ ကြိုးစားရင်း ခေါက်တုံ့ခေါက်ပြန်ပဲ လျှောက်နေခဲ့တယ်၊ ခင်ဗျားကို စိုက်ကြည့်ပြီး ခေါ်နေတဲ့သူ့ရဲ့ မျက်လုံးတွေကို ခင်ဗျား သတိပြုမိခဲ့ပေမယ့် ကြောက်ရွံ့နေခဲ့တယ်၊ နောက်တော့ ခင်ဗျားစီးမယ့် ရထား ဝင်လာပြီးတော့ ခင်ဗျား တက်လိုက်တယ်၊ ဘူတာရုံက ရထားထွက်သွားတော့ သူ့နှုတ်ခမ်းတွေ လှုပ်နေတာ မြင်ရပြီး သူပြောနေတာတွေ ဘာမှန်းမသိပေမယ့် သူ့အသံကို ခင်ဗျား ကြားနိုင်ခဲ့တယ်၊ မဟုတ်ဘူးလား'

နိုရာက ခေါင်းညိတ်ပါတယ်။

'ဟုတ်ကဲ့... ဒါပေမဲ့ဗျာ၊ ခင်ဗျား ရှင်းပြချက်ဟာ လုံးဝမဖြစ်နိုင်တာ ခင်ဗျားကို ပြောပြနေမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပြောတဲ့ ခင်ဗျားရဲ့လူဟာ လွန်ခဲ့တဲ့ ၆ လက သေသွားခဲ့ပြီဗျ၊ ခင်ဗျားက ဒီလိုပဲ ခဏခဏ ပြောခဲ့တယ်၊ သေသွားတာ ၆ လရှိပြီ၊ သတိထားစဉ်းစားပါဦး၊ သူ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ’

သူမက ဆရာဝန်ကို မယုံသလို ကြည့်လိုက်ပါတယ်။

‘ဆရာ နားမလည်သေးပါဘူး၊ ဒီနေ့ဟာ ကျွန်မတို့ မင်္ဂလာဆောင်တဲ့နေ့ ဖြစ်ရမှာ၊ ဒီနေ့မှာ ကျွန်မတို့ လက်ထပ်ကြမှာ၊ ဒါကြောင့် သူ အဲဒီမှာ ရှိနေခဲ့တာပေါ့၊ ကျွန်မက သူ့ကို စကားပြောရဲခဲ့မယ်ဆိုရင် အခု ဘာလုပ်ရမယ်ဆိုတာ ကျွန်မ သိမှာပါ၊ ဘာမှ မပြောပါနဲ့တော့ ဆရာရယ်’

ဆရာဝန် ဝါလ်ဒရွန်က သူမလက်ကို ကိုင်လိုက်ပါတယ်။

‘မိန်းကလေး၊ ကျွန်တော် အများကြီး ပြောပြနိုင်တယ်၊ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်ပြောတာကို နားထောင်ရမယ်၊ ကျွန်တော်ပြောတာတွေကို ယုံရမယ်၊



ခင်ဗျားထက် ကျွန်တော် ပိုပြီးသိပါတယ်ဗျာ၊ သူ သေသွားခဲ့တယ်ဆိုတာ ခင်ဗျား လက်ခံပါ၊ နောက်ဆုံးမှာ ခင်ဗျား သူနဲ့ရှိနေခဲ့တာ ဟုတ်ပါတယ်၊ သူ့အသုဘကို ခင်ဗျားသွားခဲ့တယ်၊ တကယ်ဖြစ်ခဲ့တာတွေ ခင်ဗျား သိတယ်၊ ဒါကြောင့် စကြံပေါ်မှာ သူ့ကို တွေ့ခဲ့တယ်ဆိုတာ မဟုတ်နိုင်ဘူး၊ ခင်ဗျားရဲ့ ချို့တဲ့နွမ်းလျနေတဲ့ စိတ်က ဖန်တီးတာပဲ ဖြစ်ရမယ်၊ ဒီည ခင်ဗျား မောပန်းနေတယ်၊ ခင်ဗျားရဲ့ မျက်လုံးတွေမှာ ကျွန်တော် မြင်တွေ့ရတယ်၊ ကျွန်တော် မမြင်ချင်ဘူးဗျာ...

‘မနက်ကျတော့ ခင်ဗျား အနားယူနေတဲ့အခါ မတူကွာခြားတဲ့ အဲဒီနေ့ကို ခင်ဗျားရယ်မိလိမ့်မယ်၊ အဲဒီနေ့ဟာ ခင်ဗျားတို့ လက်ထပ်တဲ့နေ့ ဖြစ်ခဲ့မယ်ဆိုတဲ့ အဖြစ်ဆိုးကို သောကရောက်နေတဲ့ ခင်ဗျားရဲ့ အခြေအနေက လက်ခံနိုင်မှာ မဟုတ်ပါဘူး၊ ဘာလဲဆိုတာ ကျွန်တော် ပြောပြမယ်၊ ဒီနေ့ည ခင်ဗျားဟာ ပျော်တတ်ရွှင်တတ်တဲ့ မိတ်ဆွေတစ်ယောက်နဲ့ ညစာစားနေတယ်၊ အဲဒီမိတ်ဆွေက ခင်ဗျားကို ရယ်မောအောင်လုပ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဇာတ်ရုံတစ်ရုံကို သွား၊ သဘောကျ ပြုံးရယ်စရာတွေကို ကြည့်၊ အဲဒီနောက် ကခုန်ဖို့ တစ်နေရာကို သွားပါ၊ ကျေနပ်သလောက် နေပါ၊ ခင်ဗျား မောပန်းပြီး အရမ်းအိပ်ချင်သွားလိမ့်မယ်'

သူ့ရဲ့ ကြောင်တောင်တောင် ဆင်ခြင်တုံတရားမရှိမှုကို သူမက ပြုံးပါတယ်။ စိတ်အပြောင်းအလဲဖြစ်စေမှုတွေနဲ့ သူက ပြောဆိုကုသနေခဲ့တာ သုံးလရှိပါပြီ။ ဘာကြောင့် ဆရာဝန်တွေဟာ ဇွတ်တရွတ်နဲ့ ပြောရခက်နေကြတာလဲ။ ဘာကြောင့် စဉ်းစားဉာဏ်ကင်းဝေးနေရတာလဲ။ ပြဇာတ်တိုင်းမှာ လူစွမ်းကောင်းနဲ့ အမျိုးသမီး လူစွမ်းကောင်းတို့ ရှိပါတယ်။ ကောင်မလေးနဲ့ ကောင်လေး ဖြစ်ပါတယ်။ ချစ်ကြ၊ ကြိုက်ကြမယ်။ တီးတိုးပြောကြမယ်။ သူမနဲ့ ကင်တို့လိုပေါ့။ ကင်၊ သူမ မျက်မှောင်ကြုတ်သွားပါတယ်။ စားသောက်ဆိုင်တွေမှာ တူရိယာဝိုင်းတွေက အချစ်သီချင်းတွေ တီးမှုတ်ကြပါတယ်။ ဝတ္ထုတွေမှာလည်း ချစ်ကြ၊ ကြိုက်ကြတာတွေချည်းပါပဲ။ အသိမိတ်ဆွေတွေထဲမှာ ကင်လို



မိတ်ဆွေမရှိခဲ့ပါဘူး။

လောလောလတ်လတ် ရရှိထားတဲ့ ဒဏ်ရာကို ဓားနဲ့ ရှချလိုက်သလိုပါပဲ။ ဒါပေမဲ့ သူမက ဆရာဝန်ကို ပြောပါတယ်။

'ဒါဟာ အကြံကောင်းတစ်ခုပဲ'

သူက သူမရဲ့လက်ကို ခပ်ဖွဖွပုတ်လိုက်ပြီး...

'ကောင်းသောညပါ'

လို့ ပြောသွားပါတယ်။ သူမရဲ့ မျက်နှာမှာတော့ စိုးရိမ်ပူပန်မှုကလေး ပေါ်လွင်နေပါတယ်။ သူဟာ စိတ်နှလုံးကောင်းသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အရိုးဆုံးကိစ္စတွေကိုတော့ သိမြင်နိုင်သူ မဟုတ်ပါ။

အပြင်ဘက် လမ်းပေါ်မှာ မှောင်စပြုနေပါပြီ။ အဆောက်အအုံ တိုက်တာတွေ မဲပြာမှိုင်းနေပါတယ်။ လမ်းပေါ်မှာ ကားတွေ ပြေးလွှားဆူညံနေပါတယ်။ လူတွေ ခပ်သုတ်သုတ်နဲ့ နိုဝင်ဘာလရဲ့ လေပြင်းကို ကြံ့ကြံ့ခံနေကြပါတယ်။ သူမအတွက်တော့ လတ်ဆတ်အေးမြတဲ့ ရေနဲ့ မျက်နှာသစ်လိုက်ရသလို ကောင်းမွန်

www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်။

သူမ လုပ်ရမှာကို လုပ်ပါတယ်။ လွန်ခဲ့တဲ့ အပတ်ကပဲ ညတိုင်း သူမ လုပ်ခဲ့တာဖြစ်ပါတယ်။ တယ်လီဖုန်းဆီသွားပြီး ခေါ်ဆိုင်ကို ဖုန်းဆက်ပါတယ်။ စတီဗင် ၄-၀၄၅၂။ တစ်မိနစ်လောက်ကြာတော့ အမျိုးသမီးတစ်ယောက်ရဲ့အသံကို သူမက ကြားရပါတယ်။ ခါတိုင်းကြားနေကျ မိန်းမအသံပဲ ဖြစ်ပါတယ်။ မကျေမနပ်နဲ့ အဲဒီအမျိုးသမီးရဲ့ 'ဟဲလို' သံကို နိုရာက မဖြေဘဲ ငြိမ်နေလိုက်ပါတယ်။ တစ်ဖက်က ဖုန်းကို ချလိုက်ပါတယ်။ အော်ပရေတာရဲ့အသံ ပေါ်လာပါတယ်။

'စတီဗင် ၄-၀၄၅၂ ကို ခေါ်နေတာ'

လို့ နိုရာက ပြောလိုက်ပါတယ်။

လိုင်းဝင်တယ်လို့ အော်ပရေတာက ပြောပါတယ်။

'ကျွန်မ တွေ့ချင်တဲ့သူ မဟုတ်ဘူး၊ မစ္စတာကင်းနက်စတုန်းကို ကျွန်မ ခေါ်နေတာ'

လို့ နိုရာက ပြောလိုက်ပါတယ်။



မိနစ်အနည်းငယ်ကြာပြီးနောက် တယ်လီဖုန်းရုံးက အသံပေါ်လာပါတယ်။

'စိတ်မရှိပါနဲ့ အစ်မကြီး၊ အဲဒီတယ်လီဖုန်းက ဆူဆန်ဝေးစ်ရဲ့ နာမည်နဲ့ ရှိနေပါတယ်၊ မစ္စတာစတုန်းရဲ့နာမည်နဲ့ မရှိတော့ပါဘူး ခင်ဗျာ'

အဲဒါ မှန်တယ်ဆိုတာ နိုရာ သိပါတယ်။ အန္တရာယ်မရှိနိုင်ပါဘူး။ သူမက ဒီလိုပဲ ခေါ်ခေါ်နေရင် တစ်နေ့ သူနဲ့တွေ့မှာပဲ ဖြစ်ပါတယ်။ အမ်စတာဒန် ဟိုတယ်သစ်ကြီးရဲ့ ဧည့်ခန်းထဲ သူမ ဝင်ခဲ့တုန်းကလည်း ဒီနည်းအတိုင်းပဲ ဖြစ်ပါတယ်။ သူတို့ တွေ့ဆုံနေကျနေရာ ဖြစ်ပါတယ်။ ဒီည မိန်းကလေးတွေကို တွေ့ချင်လို့ စောင့်နေကြသူတွေထဲမှာ သူ မပါရှိပါ။ မနေ့ညက သူ အဲဒီမှာ မရှိခဲ့ပါ။ အရင်ညတွေကလည်း မရှိခဲ့ပါ။ မနက်ဖြန်ကျရင်တော့ သူ ရောက်လာမှာပါ။

နေရာဟောင်းတွေကို သွားနိုင်ပြီး လုပ်ခဲ့ဖူးသလို လုပ်ခဲ့ရင် တစ်ချိန်မှာတော့ သူမဟာ ကံကောင်းနိုင်ပါတယ်။ တစ်ချိန်မှာတော့ သူ အဲဒီမှာ ရှိနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆရာဝန် ဝါလ်ဒရွန် မမြင်တွေ့နိုင်တာဖြစ်ပြီး ယုံကြည်ဖို့ အကြောင်းပြချက် မဟုတ်ပါ။ အလိုလို သိဖို့ လိုပါတယ်။ နိုရာက ပြုံးပါတယ်။ ကင် သေသွားပြီးနောက် စောစောပိုင်းရက်တွေမှာ ဖြစ်ရပ်တစ်ခုလုံး သူမဆီကို မပေါ်ပေါက်တော့ပါ။ အခုအခါ သူ့ရဲ့ဘဝကို တပ်မက်တဲ့ ကင်ရဲ့ တက်ကြွအသက်ပါမှုဟာ ဘယ်သူနဲ့မှ အတူမရှိတာ သူမက သိပါတယ်။ သဘာဝထုံးစံတော့ မဟုတ်ပါ။ ယုံကြည်မှုရှိဖို့ လိုပါတယ်။ စိတ်ဓာတ်ကျရတာလည်း လွယ်ကူပါတယ်။

သူမ နေထိုင်တဲ့ လမ်းကို ရောက်တဲ့အခါ ထပ်မံပြီး စိတ်ဓာတ်ကျရပြန်ပါတယ်။ သူမရဲ့ တိုက်ခန်းဟာ သိပ်မြင့်နေသလို အဆောက်အဦးဟာ သိပ်တင်းမာခက်ထန်ပြီး လေးလံနေပုံရပါတယ်။ အပေါ်ဆုံးက ပြတင်းပေါက်လေးခုဟာ သူမရဲ့အိမ်ဖြစ်ပါတယ်။ အထပ် ၂၀ မြင့်ပါတယ်။ ပြတင်းပေါက်ဟာ မည်းမှောင်နေပါတယ်။ သန့်ရှင်းရေး အမျိုးသမီးဟာ မီးအိမ်ထားဖို့ အသိရှိစေချင်ပါတယ်။



ရုတ်တရက် သူမ မောပန်းသွားပြီး ခံစားမှုမရှိဖြစ်သွားပါတယ်။ သတင်းအမှာစကားတွေ လာသလားလို့ ကောင်တာမှာ သူမက သွားမေးပါတယ်။ တစ်ခုမှ မရှိပါ။ သူမရဲ့ စာထည့်သေတ္တာပုံးထဲမှာ သူမရဲ့ သွားဆရာဝန်ဆီက သတိပေးနှိုးဆော်စာတစ်စောင်ကို တွေ့ရပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ နေ့ပဲလို့ ပြောတဲ့ဓာတ်လှေကား မောင်းသူကို သူမက ခေါင်းညိတ်လိုက်ပါတယ်။ ဟုတ်တယ်၊ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်လို့ သူမက ပြန်ပြောလိုက်ပါတယ်။ တန်ဖိုးမရှိတဲ့ စကားတွေ ပြောကြဆိုကြတာတွေဟာ ရယ်စရာကောင်းလိုက်တာ။ ဘာတွေကွာလို့လဲ။ ဒီနေ့ညက အေးတယ်။ မနက်ဖြန် ဒါမှမဟုတ် လာမယ့်နွေရာသီမှာ ပူနွေးမယ်။ ကလေးကလားစကားတွေ ပြောနေကြတယ်။

ဆိုဖာနားက မီးအိမ်ကို ထွန်းလိုက်ပါတယ်။ ပက်လက်ကုလားထိုင်နားက မီးအိမ်ဝါကို ထွန်းလိုက်ပါတယ်။ ထင်းတွေကို မီးလင်းဖိုထဲ ထည့်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမမောပန်းနေပါတယ်။ မတ်တတ်ရပ်လိုက်တော့ မီးဖိုပေါ်က စင်မှာ သူမရဲ့မျက်နှာကို သူမ တွေ့လိုက်ရပါတယ်။ သူမ အင်္ကျီပေါ်က ဇီဇဝါပန်းလိုပဲ သူမ မျက်နှာဟာ ဖြူရော်ရော်ဖြစ်နေပါတယ်။ သူမရဲ့ နှုတ်ခမ်းတွေ၊ မျက်လုံးတွေနဲ့ ပါးချိုင့်ခွက်တွေမှာ စုတ်တံအမည်းနဲ့ သုတ်ထားသလိုပဲ ထင်ရပါတယ်။

သူမ ဦးထုပ်ချွတ်လိုက်တော့ မည်းမှောင်ပြောင်လက်နေတဲ့ ဆံပင်တွေဟာ ဆေးခြယ်ထားသလိုပဲ ခေါင်းမှာ ပိပြားကပ်နေပါတယ်။ သူမကို ကင်တစ်ခါက ရေးပေးတဲ့ ကဗျာတစ်ပုဒ်ကို သတိရလိုက်မိပါတယ်။ ကဗျာကို မကြိုက်တတ်ပေမယ့် ဒီကဗျာဟာ ချစ်စရာကောင်းတယ်လို့ ထင်ရပါတယ်။ ကြာပွင့်တစ်ပွင့်လို မျက်နှာနဲ့ ညဘက်မှာ ကျောက်ပွင့်လို ဆံပင်တွေအကြောင်း ရေးထားတဲ့ကဗျာ ဖြစ်ပါတယ်။

ညဘက်က ရေဟာ သူမကို အမြဲပဲ တုန်လှုပ်စေပါတယ်။ အတိတ်နိမိတ် မကောင်းဘဲ ဩဇာရှိနေသလို စိတ်မချရသလို ဖြစ်နေပါတယ်။ ကြာယန်းတစ်ပွင့်



လိုပဲ ပျောက်ဆုံးသွားတဲ့ မျက်နှာတစ်ခုဟာ မျောနေပါတယ်။ ကျောက်ပွင့်လိုပဲ ဆံပင်တွေဟာလည်း မျောနေပါတယ်။ ပက်လက်ကုလားထိုင်ပေါ် သူမက ထိုင်ချလိုက်ပြီး မျက်လုံးကို မှိတ်လိုက်ပါတယ်။

* * *

သူမ မျက်လုံးဖွင့်လိုက်တော့ သူမရဲ့ ရှေ့က ဆိုဖာပေါ်မှာ ကင် ထိုင်နေတာ တွေ့လိုက်ရပါတယ်။ သူက ရယ်စရာတစ်ခုနဲ့ သူမကို လှမ်းကြည့်နေပါတယ်။ အပြုံးတစ်ပွင့်နဲ့ သူ့နှာခေါင်းဟာ တွန့်နေပြီး သူ့ရဲ့ ဖြူဖွေးတဲ့ သွားတွေဟာ လင်းလက်နေပါတယ်။

'ဘာလုပ်နေတာလဲ နီရာ၊ မျက်နှာဖုံးတပ်ဖို့ လုပ်နေတာလား'

လို့ သူက မေးလိုက်ပါတယ်။

သူမက သူ့ကို ကြည့်လိုက်ပါတယ်။ တစ်ကိုယ်လုံး ဦးခေါင်းက ခြေဖျားအထိ အေးစိမ့်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကင်… ကင်… ရှင် ဟုတ်ရဲ့လား'

'တစ်ယောက်ယောက်ကို မျှော်နေတာလား'

သူက မေးလိုက်ပါတယ်။ နောက်တော့ သူက ရယ်မောလိုက်ပါတယ်။ သူမ မှတ်မိဖို့ ကြိုးစားကြည့်နေတဲ့ သီချင်းတစ်ပုဒ် ကြားလိုက်ရသလိုပါပဲ။

'ကင်… ကျွန်မတော့ မယုံနိုင်ဘူး၊ အဲဒါ ရှင်နော်၊ ရှင်ပဲလို့ ကျွန်မဖြင့် မယုံနိုင်ပါဘူး'

လို့ပဲ သူမက ပြောနေပါတော့တယ်။

သူက ရယ်ပြန်ပါတယ်။

'ကဲ… ဒီလိုဆို ကိုက ဘယ်သူလဲ'

သူက မေးလိုက်ပါတယ်။

'ရှင်ဟာ ကင်၊ ရှင်ဟာ ကင်ပဲ၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တာပေါ့ ကိုယ့်အချစ်ကလေးရာ'

လို့ ကင်က ပြောပါတယ်။

'ဒါပေမဲ့ အဲဒီမှာထိုင်ပြီး ကိုယ့်ကို တစ္ဆေသရဲလို ပြူးတူးပြဲတဲ မကြည့်နဲ့၊ စီးကရက်တစ်လိပ်ဖြစ်



ဖြစ်၊ ပီကေချောင်းဖြစ်ဖြစ်၊ ကိုယ့်လိုလူအတွက် ပျော်ရွှင်အားတက်သွားမယ့် အရက်ဖြစ်ဖြစ် ရှိလား'

နီရာက ပြောလိုက်ပါတယ်။

'ကင်… မောင်'

သူ့အပေါ်ကို လွှားခနဲ ခုန်တက်လိုက်ပါတယ်။ ရင်းနှီးနေကျ ဆေးလိပ်နံ့နဲ့ မှတ်ဆိတ်ရိတ် လိမ်းဆေးနံ့တွေ သူ့ဆီက ရပါတယ်။

သူမကို နမ်းလိုက်တော့ သူ့မျက်နှာနဲ့ ဆံပင်တွေ အေးစက်နေပါတယ်။

'မင်းကို တွေ့ဖို့ ရှာရလွန်းလို့ ပင်ပန်းလိုက်တာကွာ'

လို့ သူက တိုးတိုးလေး ပြောပါတယ်။

'ဟုတ်လား ကင်ရယ်'

'အဲဒီနေ့က ဘူတာရုံမှာ မင်း ခဏလေးရပ်ပြီး ကိုယ့်ကို စကားပြောမယ် ထင်ခဲ့တာ၊ မင်း ဘာဖြစ်လို့ မပြောတာလဲ'

'ကင်… အဲဒါ ရှင်လား'

www.burmeseclassic.com

www.burmeseclassic.com



နီရာက ပြောလိုက်ပါတယ်။

'အချစ်ကလေးရာ… အဲဒီနေ့ ညက လက်ခံယုံကြည်ဖို့ မင်း အရမ်းခက်ခဲခဲ့တယ် မဟုတ်လား၊ အဲဒါ ကိုယ်ပါပဲ၊ မင်း ရထားကို ပြေးသွားပုံကို မင်းကို ငါ လိုက်တော့မယ်လို့ မင်း ထင်ခဲ့တယ် မဟုတ်လား၊ နောက် မင်းဖုန်းဆက်တော့ မင်းပြောနေတာ ကိုယ်ကြားရတယ်၊ ကိုယ်က 'ဟဲလို… ဟဲလို…'လို့ ပြောလိုက်သေးတယ်။ မင်းက မကြားဘူး။ အမ်စတာဒမ်ဟိုတယ်ကြီးမှာလည်း မင်းကို ကိုယ် လက်ပြခဲ့တယ်။ ဒါပေမဲ့ မင်းထွက်သွားတာ သိပ်မြန်တယ်'

နီရာက သူ့ကို ကြည့်လိုက်ပါတယ်။ သူ့မျက်လုံးတွေ ကြီးမားလာသလို ထင်ရတယ်။ သူမရဲ့ လက်ချောင်းကလေးတွေနဲ့ သူ့ရဲ့ပါးကို ပွတ်သပ်ပေးပါတယ်။

'ဒါပေမဲ့ ကင်ရယ်၊ ဆရာဝန်က ကျွန်မကို ရူးကြောင်ကြောင်ဖြစ်နေတယ်လို့ ပြောတယ်၊ အို… ကင်ရယ်၊ ကျွန်မ သိခဲ့ပါတယ်၊ သိခဲ့ပါတယ်၊ ဆက်ပြီးလျှောက်နေခဲ့ရင် ရှင်လာမယ်ဆိုတာ ကျွန်မ သိခဲ့ပါတယ်'



ကင်က သူမအနားက ခဏခွာလိုက်ပြီး ဖြည်းဖြည်းချင်း ပြောပြပါတယ်။

'ကိုယ်လေ အကြာကြီး ကြိုးစားခဲ့ရတယ် နီရာရယ်၊ ကိုယ် ပင်ပန်းလှပြီကွာ၊ နောက်ထပ် ကိုယ် မလာနိုင်တော့ဘူး၊ အခု လတွေ အတော်ကြာခဲ့တယ်၊ ကိုယ့်ဘက်က အတင်းအကျပ်လုပ်တာတွေမပါဘဲ မင်း ဘာသာမင်းဆုံးဖြတ်ရမယ်၊ အချစ်က ကိုယ့်ကို သေသေချာချာ နားထောင်ပြီးတော့ ဆုံးဖြတ်ပါ၊ ဒီနေ့ ဘာနေ့လဲဆိုတာ မင်းသိပါတယ်၊ ငါ မင်းဆီလာခဲ့ပါတယ်၊ ဒါပေမဲ့ မင်းသွားချင်တယ်ဆိုရင်ပေါ့၊ မင်း သွားချင်တယ်ဆိုရင် ငါနဲ့ အခုပဲ လိုက်ခဲ့ပါ၊ မင်း ကြောက်ရွံ့ထိတ်လန့်နိုင်ပါတယ်၊ မင်း ဝမ်းနည်းစိတ်ထိခိုက်ပြီး နောင်တရနိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ် ထပ်ပြီး ပြန်မလာနိုင်တော့ဘူးဆိုတာ မင်းကို သိစေချင်တယ်၊ ကိုယ် အဝေးကြီးကို သွားရမှာ'

www.burmeseclassic.com

www.burmeseclassic.com



နိုရာက သူ့ရဲ့လည်ပင်းကို သူမရဲ့ လက်နဲ့ သိုင်းဖက်ထားကာ သူ့ကို ပွေ့ကပ်လိုက်ပြီး အဖြေအတွက် ပြုလိုက်ပါတယ်။

'အိတ်ထဲမှာ ပစ္စည်းတွေ ထည့်လိုက်ဦးမယ်၊ စောင့်ဦးနော်'

ကင်က ရယ်ပါတယ်။

'မင်း ဘာမှမသိပါလား၊ ဘာပစ္စည်းမှ မလိုဘူး၊ ဒီအတိုင်းပဲ လိုက်ခဲ့'

'ကင်… အချစ်ရေ၊ သွားကြစို့၊ အမြန်သွားကြစို့၊ ကျွန်မ အဆင်သင့်ပါပဲ'

သူတို့ ထရပ်လိုက်ကြပါတယ်။ အဲဒီနေ့ စောစောပိုင်းကလိုပဲ ကင်က သူ့အိတ်တွေကို ထုပ်ပိုးချည်နှောင်ပါတယ်။

'မကြောက်ပါဘူးလို့ ကိုယ့်ကို ကတိပေးနော်၊ ကိုယ်ပြောတဲ့အတိုင်း လုပ်မယ်လို့ ကတိပေးပါ နိုရာ'

'ကတိပေးပါတယ်'

သူမက ပြောလိုက်ပါတယ်။



အိပ်ခန်းထဲကို ဝင်သွားတဲ့ သူ့နောက်ကို သူမက လိုက်သွားပါတယ်။ ပြီးတော့ ပြတင်းပေါက်ပေါ်ကို သွားပါတယ်။

ပြတင်းပေါက်ကို ဖွင့်လိုက်ရင်း သူက ပြောပါတယ်။

'မင်းကို အချက်ပြလိုက်ရင် ကိုယ့်လက်ကို ကိုင်ထားပြီး ပြတင်းပေါက်ဘောင်ပေါ်ကို ကိုယ်နဲ့အတူ တက်လိုက်၊ မကြောက်နဲ့နော်၊ ကိုယ့်လက်ကို ကိုင်ထားပြီး မျက်စိမှိတ်ထား၊ မပူနဲ့၊ ကိုယ် မင်းကို ဘယ်တော့မှ မခွဲပါဘူး'

အောက်က ခြံဝင်းထဲကို သူတို့ ငုံ့ကြည့်လိုက်ကြပါတယ်။ အထပ် ၂၀ အမြင့်က အောက်ကိုကြည့်တာ ဖြစ်ပါတယ်။ မြေအောက်ခန်းဖွင့်နေတဲ့ တံခါးက မီးရောင်ထဲမှာ အလုပ်သမား စတိဗ်ကို စည်သွပ်ဘူးကြီး လိမ့်နေတာ သူတို့ တွေ့ရပါတယ်၊ ကင်က သူမရဲ့ နောက်ကျောကို ကိုယ်ဟန် လက်ဟန် ပြလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခဏလေးနေဦး'

သူက ပြောလိုက်ပါတယ်။ သူတို့ စောင့်နေကြပါတယ်။ မျက်နှာချင်းဆိုင် တိုက်ခန်းထဲက မီးဖိုချောင်ထဲမှာ မိန်းမတွေ ညစာပြင်နေကြပါတယ်။ ပွင့်နေတဲ့ ပြတင်းပေါက်က အိုးသံ၊ ခွက်သံ၊ ပန်းကန်သံတွေ ကြားနေရပါတယ်။ သူတို့နှစ်ယောက်က တစ်ခါထပ်ပြီး အောက်ကို ငုံ့ကြည့်ကြပါတယ်။ ခြံဝင်းထဲမှာ ဘယ်သူမှ မရှိတော့ပါ။ မြေအောက်ခန်းက အလင်းရောင်ဟာ ဂူထဲက ထွက်လာတဲ့ အလင်းရောင်နဲ့ တူနေပါတယ်။ သူမက ကင်ဘာက်ကို လှည့်ကြည့်လိုက်ပါတယ်။ ကာင်က မြုံးပြုံး ခေါင်းကို ညိတ်လိုက်ပါတယ်။

'ကဲ… ခုန်လိုက်တော့'

လို့ သူက ပြောပါတယ်။

❒

coming soon

သည်ညခေတ်နေ၏

(၅) အုပ်မြောက်အထူးအစီအစဉ်

ကျောင်းဟောင်း (Old School) (၁) အုပ်ဝယ်ယူသူတိုင်း
THE COMMENT (၁) အုပ် မေတ္တာလက်ဆောင်ပေးမည်။

သည်ညခေတ်နေ

ကျောင်းဟောင်း OLD SCHOOL

(လုံးချင်းဝတ္ထုသစ်)

သည်ညခေတ်နေ

THE COMMENT

www.burmeseclassic.com